# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးထူးတရားလေးပါး

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် (၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ် နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် နေရာသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့အား တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် ရွှေနဂါးရုပ်အား နတ်မင်းကြီးလေးပါးမှ ပေးအပ်ပြီး တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် ပုဝါများဖြင့် ဂါရဝပြုသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➜*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai (၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ် နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။




**ယနေ့ ဖတ်စရာ**

တိုင်းပြည်ကာကွယ် စစ်မှုထမ်းကြမယ် — ဆောင်းပါး စာ ၁၀

ပဲခူးမြစ်ကူး သန်လျင်တံတား အမှတ်(၃) တည်ဆောက်မှု ၉၇ ရာခိုင်နှုန်းပြီးစီးနေ — ပြည်တွင်းသတင်း စာ ၁၂



နွေဦးပွဲတော် အားလပ်ရက်ကာလအတွင်း ရှန်ဟိုင်းသို့ ခရီးသွား ၁၆ ဒသမ ၇၅ သန်း လာရောက်လည်ပတ် — နိုင်ငံတကာသတင်း စာ ၁၃

# အမြဲထာဝရ မိတ်ကောင်းဆွေမွန်များ

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှာ ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေပြီး နှစ်နိုင်ငံဆက်ဆံရေးမှာလည်း နှစ်ပေါင်းထောင်ချီနေသည့် သက်တမ်းရှိသည်။ ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ရာတွင် မြန်မာနိုင်ငံသည် ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါအချိန်ကတည်းကပင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အစဉ်တစိုက်ထောက်ခံခဲ့သည့်နိုင်ငံလည်း ဖြစ်သည်။

ပစ္စုပ္ပန်ကာလတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် သာမန်မိတ်ဆွေနိုင်ငံများမကဘဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအဆင့်မှ တက်လှမ်း၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများဆက်ဆံရေးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ခမ်းနားလှပစည်ကားသိုက်မြိုက်စွာ ကျင်းပသည့် (၂၀၂၄)ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ပြီး နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် "တရုတ်နိုင်ငံသည် မြန်မာ့အရေးနှင့်ပတ်သက်ပါက ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသည့် ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာစာမျက်နှာများတွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ကုန်သွယ်ရေးလွတ်လပ်မှု မူဝါဒများချမှတ်ကာ ၁၉၈၀ ပြည့်နှစ်တွင် အထူးစီးပွားရေးဇုန်ကြီးလေးခုကို အရှေ့တောင်ပိုင်း ကမ်းရိုးတန်းမြို့ကြီးများတွင် တည်ထောင်ခဲ့သည်။ ယင်းမှစ၍ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် ဆယ်စုနှစ်တစ်ခုပြီးတစ်ခု အောင်မြင်မှုများ ဆင့်ကဲရရှိကာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် တက်လှမ်းရောက်ရှိခဲ့ခြင်းဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်သမ္မတရှီကျင့်ဖျင်က "ဤလောကကြီးတွင် နိုင်ငံအသီးသီးတို့ အပြန်အလှန်ဆက်သွယ်၊ အပြန်အလှန်မှီခိုသည့် အတိုင်းအတာသည် မကြုံဖူးလောက်အောင် နက်ရှိုင်းလာပါကြောင်း၊ လူသားများသည် တူညီသည့် ကမ္ဘာရွာကြီးတွင် အသက်ရှင်နေထိုင်၍ သမိုင်းနှင့်လက်တွေ့ဆုံစည်းနေသည့် တူညီသည့် အချိန်ထဲတွင် နေထိုင်ကြခြင်းကြောင့် တဖြည်းဖြည်းနှင့် ကံကြမ္မာတူ အသိုက်အဝန်းဖြစ်လာပါကြောင်း" ဟူ၍ လူသားကံကြမ္မာတူ အသိုက်အဝန်းအယူအဆကို စတင်အဆိုပြုရာတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမှုကို စောင့်ထိန်းသည့် မူဝါဒတို့ကို ကျင့်သုံးလျက်ရှိသလို အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံနှင့်အတူ သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကိုလည်း ခေတ်အဆက်ဆက် ခိုင်မြဲစွာကျင့်သုံးခဲ့သည်။ ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေးထူထောင်မှုကိုလည်း အလေးဂရုပြုအကောင်အထည်ဖော်လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးတွင် မြန်မာနိုင်ငံသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံအဖြစ် ထာဝရရပ်တည်လျက်ရှိရာ လူသားကံကြမ္မာတူအသိုက်အဝန်းအတွင်းမှ အနီးကပ်ဆုံးသောမိသားစုများအဖြစ် အနာဂတ်ကာလတစ်လျှောက်လုံး အတူယှဉ်တွဲနေထိုင်သွားကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဖေဖော်ဝါရီလ ( ၁၈ ) ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၉-၂-၂၀၂၄ ရက်နေ့မှ ၂၉-၃-၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)** အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game **ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

○ *ရှေ့ဖုံးမှ*

ယင်းနောက် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါးအကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် အစားအသောက်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တရုတ်ရိုးရာ နဂါးအကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ကြည့်ရှုအားပေး**

ထို့နောက် (၂၀၂၄) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင်များနှင့် တရုတ်သံတမန်များ၏ ချစ်ကြည်ရေး စားပွဲတင်တင်းနစ် ကစားပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးကြသည်။ ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စားပွဲတင်တင်းနစ်အားကစားအဖွဲ့များအား အမှတ်တရပန်းစည်း ပေးအပ်သည်။

၎င်းနောက် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာနဂါးအရုပ်၏ မျက်လုံးအား ဆေးခြယ် အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တရုတ်ရိုးရာနဂါးအား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။ ထို့နောက် တရုတ်ရိုးရာ နဂါးအကအဖွဲ့နှင့် ခြင်္သေ့အကအဖွဲ့တို့မှ ရွှေနဂါးနှစ်သစ်အကဖြင့် ဂါရဝပြုကပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်း စကားပြောကြားရာတွင် ပြီးခဲ့သည့် တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံတွင်သာမကဘဲ ကမ္ဘာတစ်ဝန်းလုံးတွင်ပါ စည်ကားသိုက်မြိုက်စွာဖြင့် ခမ်းနားစွာ ကျင်းပနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ်သည် တရုတ်ရိုးရာအရ နဂါးနှစ်ဖြစ်ပါကြောင်း၊ နဂါးနှစ်သည် တရုတ်လူမျိုးတို့၏ ၁၂ နှစ်တွင် တစ်ကြိမ်သာကျရောက်သည့်အတွက် ကံကောင်းခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဘုန်းကံကြီးမားခြင်း၊ ဩဇာကြီးခြင်း၊ စီးပွားလာဘ်လာဘများ တိုးပွားခြင်းတို့ကို ကိုယ်စားပြုသည့်နှစ်ဟု သတ်မှတ်ယူဆကြပြီး ကြီးကျယ်ခမ်းနားသည့်ပွဲများနှင့် အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ယခုနဂါးနှစ်အတွင်း ကျင်းပလေ့ရှိသည်ဟု သိရှိရပါကြောင်း။

တရုတ် - မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးကို ကြည့်ပါက မြန်မာနိုင်ငံ၏ ပျူခေတ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တရုတ်နိုင်ငံကို သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်း အထောက်အထားများ တွေ့ရှိရပါကြောင်း၊ အဆိုပါအချက်များသည် ပျူခေတ်မတိုင်မီကတည်းက တရုတ်-မြန်မာ ဆက်ဆံရေးခိုင်မာခဲ့သည်ကို အထင်အရှားတွေ့ရှိရခြင်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် အဖွဲ့ဝင်များ အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

- ❑ ရှေးအစဉ်အဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန်နားလည်မှုများနှင့် နေထိုင်ခဲ့ကြသဖြင့် ရံဖန်ရံခါတွေ့ကြုံရသည့် ပဋိပက္ခအချို့ကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့ ငြိမ်းချမ်းစွာအဖြေရှာပြီး ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်နိုင်ခဲ့
- ❑ တရုတ်နိုင်ငံသည် မြန်မာ့အရေးနှင့်ပတ်သက်ပါက ခေတ်အဆက်ဆက်အိမ်နီးချင်းကောင်းဟူသည့် ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည့်နိုင်ငံဖြစ်
- ❑ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာစာမျက်နှာများတွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုအတွက် အထူးပင်ကျေးဇူးတင်ရှိ

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁ နှစ်နှင့် ၉ လခန့်အကြာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ခဲ့ပါကြောင်း၊ ထိုသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ထူထောင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး အသိအမှတ်ပြုခဲ့သကဲ့သို့ အဆိုပါအချိန်ကတည်းက တရုတ်တစ်နိုင်ငံတည်းဆိုသည့် မူဝါဒကိုသာကိုင်စွဲပြီး ယနေ့အချိန်အထိ ရပ်တည်လျက်ရှိသည့်ခိုင်မာသော အိမ်နီးချင်းနိုင်ငံတစ်ခုပင် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative– GSI) ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အစောဆုံး ထောက်ခံပေးခဲ့ပါကြောင်း။

**မှန်ကန်သည့်လမ်းကြောင်းအတိုင်းရပ်တည်**

ရှေးအစဉ်အဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန်နားလည်မှုများနှင့် နေထိုင်ခဲ့ကြသဖြင့် ရံဖန်ရံခါ တွေ့ကြုံရသည့် ပဋိပက္ခအချို့ကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့ ငြိမ်းချမ်းစွာအဖြေရှာပြီး ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်နိုင်ခဲ့ကြပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာ့အရေးနှင့်ပတ်သက်ပါက ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသည့် ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရပ်တည်ပေးခဲ့သည့်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာစာမျက်နှာများတွင် မှန်ကန်သည့် လမ်းကြောင်းအတိုင်း ရပ်တည်ပေးလျက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးတို့၏ မိတ်ကောင်းဆွေမွန်ပီသမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

**ကဏ္ဍအစုံဖွံ့ဖြိုးရေးကိုကြိုးစား**

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိနိုင်ငံ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ယုံကြည်စိတ်ချရမှုများ ရရှိစေရေးအတွက်လည်း ဒေသအတွင်း၊ ဒေသအပြင်ဘက် အဖွဲ့အစည်းများဖွဲ့စည်းပြီး ကဏ္ဍအစုံဖွံ့ဖြိုးရေးကို ကြိုးစားဆောင်ရွက်နေကြပါကြောင်း၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ၇ နှစ်ကျော်ကာလအတွင်း မဲခေါင်–လန်ချန်း အထူးရန်ပုံငွေဖြင့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သောကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ Online လောင်းကစားမှုများနှင့် Online လိမ်လည်မှုများကို နှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ ထို့အပြင် တရုတ်–မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် အစားအသောက်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ဆက်လက်ပြီးကူညီဆောင်ရွက်ပေး**

တရုတ်နှစ်သစ်ကူးကာလအတွင်း တရုတ်နိုင်ငံ၌ ပြည်သူများ စည်းလုံးညီညွတ်စိတ်အေးချမ်းသာစွာ ပျော်ရွှင်နေကြသည့် မြင်ကွင်းများကို မြင်တွေ့ရသည့်အတွက် တရုတ်ပြည်သူများနှင့်အတူ ဝမ်းသာကြည်နူးမိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို အေးအတူပူအမျှ အသိုက်အဝန်းတစ်ခုအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိသောကြောင့် မိမိတို့မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း တရုတ်နိုင်ငံနှင့် တရုတ်လူမျိုးများအနေဖြင့် ဆက်လက်ပြီး ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုပါကြောင်း။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရုတ်နှစ်သစ်ကူးနေ့ကို ယခုနှစ်မှစပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် စတင်ကျင်းပခဲ့ကာ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်ကို တွေ့ရပါကြောင်း၊

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့ ၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန်ပေးအပ်စဉ်။





အနုပညာရှင်များက အဆိုအကများ တေးသရုပ်ဖော်များ၊ တရုတ် - မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက် လာကြသူများ တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်စဉ်။

*စာမျက်နှာ ၄ မှ*

ယင်းသည် တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူများ၏ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ဘက်မလိုက်ဘဲ မှန်ကန်စွာဆောင်ရွက်ခဲ့မှုနှင့် ကမ္ဘာ့နိုင်ငံများက တရုတ်နိုင်ငံအပေါ် ယုံကြည်မှုရှိသည်ကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ သံလွင်၊ မဲခေါင်မြစ်နှစ်စင်းမှ အစပြုပြီး သဘာဝတောတောင် ရေမြေများစွာ ထိစပ်နေသည့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ကောင်းမွန်သည့် ဆက်ဆံမှုများနှင့် တူညီသည့် ယဉ်ကျေးမှုများသည် ရေကို သားသော်အကြား မထင် သကဲ့သို့ ဘယ်သူဖျက်ဖျက် ပျက်စီးမသွားဘဲ ခိုင်မာစွာ ဖြစ်တည်လျက်ရှိနေမည် ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှေးဘုရင်များ လက်ထက်ကတည်းက ရွှေလမ်း ငွေလမ်းဖောက်ပြီး နှစ်ပြည်ထောင် ချစ်ကြည်ရေးကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သဖြင့် ဆွေမျိုးပေါက်ဖော် ရှိရင်းစွဲ သံယောဇဉ်တရား၊ မေတ္တာတရားများကို အဖိုးတန်အမွေကောင်းများအဖြစ် လက်ခံကျင့်သုံးပြီး အေးချမ်းသာယာသည့် လူမှုအသိုက်



အဝန်းတစ်ခုကို လက်တွဲထူထောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

**လက်ဆောင်များအပြန်အလှန်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၄ ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် ယခုကဲ့သို့ (၂၀၂၄) ခုနှစ် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်သို့

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား အမှတ်တရလက်ဆောင် ပန်းခြင်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့မှ အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဧည့်သည်တော်များအားလုံး နှစ်သစ်အခါသမယတွင် နဂါးကဲ့သို့ တင့်တယ်ခြင်း၊ အားမာန်ပြည့်ဝခြင်းတို့ဖြင့် တိုးတက်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီး၌ အတူတကွ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောကြောင့် ယုံကြည်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးမြှင့်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ နှစ်သစ်တွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံရှိ ပြည်သူများအနေဖြင့် ငြိမ်းချမ်းခြင်း၊ ချစ်ခင်ခြင်း၊ အပြန်အလှန်လေးစားခြင်းတို့ဖြင့် ပြည့်ဝပြီး နှစ်နိုင်ငံအကျိုးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အစွန့်ရှည်ခိုင်မြဲပါစေကြောင်းနှင့် တရုတ် - မြန်မာ လူသားမျိုးနွယ်များ တိုးတက်မှုအတွက် အတူတကွ ကြိုးပမ်းသွားကြမည်ဖြစ်ပါကြောင်းဖြင့် ဆုမွန်ကောင်းစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံမှ အထူးလာရောက်ဖျော်ဖြေသည့် ထိန်ချုံးအမျိုးသား ယဉ်ကျေးမှုအဖွဲ့၊ ချုံချင့်ယဉ်ကျေးမှုအဖွဲ့နှင့် တယ်ဟုန်စာပေနှင့် အနုပညာ ယဉ်ကျေးမှုအဖွဲ့တို့က ဗုံအက၊ မျက်နှာပြောင်းအကတို့အပါအဝင် တရုတ်ရိုးရာ တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့်လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ တေးသရုပ်ဖော်များ၊ တရုတ် -မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။(ယာပုံ)



**ဆုများအသီးသီးပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်၊ ၂၀၂၄ ခုနှစ် ရွှေနဂါး တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် တရုတ်-မြန်မာ ချစ်ကြည်ရေး အမျိုးသား အလွတ်တန်း စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုရကစားသမားများအား ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ပထမဆုနှင့် ဒုတိယရရှိသူတို့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံမှ လာရောက်သည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များ၊ ချစ်ကြည်ရေး စားပွဲတင်တင်းနစ်အားကစားအဖွဲ့ဝင်များကို အမှတ်တရ လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာအနုပညာရှင်များနှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် **“ပန်းတိုင်းပွင့်ပါစေ”** သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးညိုမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး

**မိုးညို ဖေဖော်ဝါရီ ၁၈**

မိုးညိုမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် သာယာကုန်းကျေးရွာအုပ်စုရှိ ဦးစိန်လှိုင်၏ ငါးမွေးမြူရေးကန် မြေဧရိယာ ၁၇၁ ဧက၌ ငါးမြစ်ချင်း၊ မြက်စားငါးချင်းနှင့် ငါးမုတ် စုစုပေါင်းကောင်ရေ ၁၈၀၀၀၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ဇောဓိကုန်းကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး တုံကင်သုံးရေတွင်း ၁၂၉ တွင်းတူးဖော်ပေးခဲ့မှုအပေါ် တစ်ကွင်းတစ်ဆက်တည်း အစေ့ထုတ်ပြောင်း မြေဧရိယာ ဧက ၁၇၆၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ထိန်တောဈေး အသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီမရောက်မီ အမြန်ဆုံးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။ ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း (ထိန်တော)၌ အချိန်ပိုပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ဖိုးကတိုးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စန်းအေးအေးမော်၏ ဥစားကြက်ကောင်ရေ ၁၅၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒေသတွင်းအသားစားသုံးမှုနှင့် ဥစားသုံးမှု ဖူလုံပိုလျှံစေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တိုးချဲ့မွေးမြူရန်နှင့် မြို့နယ်အလိုက် ဖွင့်လှစ်ပေးထားသည့် ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများအရောင်းဆိုင်နှင့်ချိတ်ဆက်၍ ဒေသခံပြည်သူများအတွက် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပေါင်းတည်၌ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရမှုအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ပေါင်းတည် ဖေဖော်ဝါရီ ၁၈**

ပေါင်းတည်မြို့နယ် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရမှုအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အဆိုပါ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားတွင် ပေါင်းတည်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော သဲကုန်းမြို့နယ် စည်ပင်မှ အာမခံအလုပ်သမား ဦးကောင်းခန့်ကျော်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရမှုအတွက် အမြဲတမ်း မသန်စွမ်းမှု ပင်စင်ငွေကျပ် ၃၁၇၅၂၀၀ ကို တိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **သူရကြီး(ပြန်/ဆက်)**

## မြန်မာနိုင်ငံ သွေးတိုးရောဂါပညာရပ်ဆိုင်ရာ ညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

# သွေးတိုးရောဂါ၏ နောက်ဆက်တွဲရောဂါများကို ထိရောက်လျင်မြန်စွာကုသပေးနိုင်ရေး ထိရောက်စွာပံ့ပိုးပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**မြန်မာနိုင်ငံ သွေးတိုးရောဂါပညာရပ်ဆိုင်ရာညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် Medical Skill, Simulation and Research Center (MSSRC) ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံသွေးတိုးရောဂါပညာရပ်ဆိုင်ရာညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက ယခုညီလာခံကို သွေးတိုးရောဂါကာကွယ်မည့် နည်းလမ်းများနှင့် ရောဂါရှာဖွေခြင်းများ၊ ပညာပေးအစီအစဉ်များ၊ နောက်ဆုံးပေါ်ကုထုံးများနှင့် လက်တွေ့ဖြေရှင်းရမည့်အချက်များကို ဆွေးနွေးဖြေရှင်းကြရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ သွေးတိုးရောဂါသည် အရွယ်မတိုင်မီ သေဆုံးမှုဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဆေးရုံအခြေပြု သတင်းအချက်အလက်စနစ်၏ စာရင်းများအရ ဆေးရုံဆေးခန်းများတွင် ဖြစ်ပွားသော သေဆုံးမှု(Hospital Death) စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးရသည်ဟု တွေ့ရှိရကြောင်း၊ ရပ်ရွာများအတွင်း ဖြစ်ပွားသောသေဆုံးမှု (Community Death) အချက်အလက်များပါဝင်ပါက ပိုမိုများပြားနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း STEPS survey (2014)အရ လူလေးဦးတွင် တစ်ဦးက သွေးတိုးရောဂါရှိနေကြောင်း တွေ့ရှိရပြီး ၂၀၂၄ ခုနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ STEPS survey ထပ်မံကောက်ယူသွားမည်ဖြစ်ကြောင်း။

### ကျောက်ကပ်သန့်စင်စက်များ ပံ့ပိုးပေး

မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်တစ်ခုဖြစ်သော သွေးတိုးရောဂါ အပါအဝင် မကူးစက်နိုင်သောရောဂါ ဖြစ်ပွားသေဆုံးမှုကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ၃၃ ရာခိုင်နှုန်း လျှော့ချရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးတိုးရောဂါနှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများ ခံစားနေရသူများကို ပြည်သူ့ဆေးရုံများတွင် စစ်ဆေးကုသပေးလျက်ရှိသည့်အပြင် သွေးတိုးရောဂါ၏ နောက်ဆက်တွဲရောဂါများကို ထိရောက်လျင်မြန်စွာ ကုသပေးနိုင်ရေး၊ ခေတ်မီပုံရိပ်ဖော်စက်ကြီးများ၊ Stroke First Programme များဖြင့် ကုသပေးနိုင်မည့် ဆေးဝါးကောင်းများ၊ ကျောက်ကပ်သန့်စင်စက်များကို ထိရောက်စွာ ပံ့ပိုးပေးလျက်ရှိကြောင်း။

### အသိပညာပေးဆောင်ရွက်

ထို့ပြင် ပြည်သူလူထုအတွင်း သွေးတိုးရောဂါနှင့် ဆီးချိုသွေးချိုရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို မြို့နယ်အသီးသီးရှိ ဒေသန္တရဆေးပေးခန်းများ၊ မိခင်နှင့်ကလေးဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများတွင် အထူးသဖြင့် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးခန်းပေါင်း ၇၅၁၆ ခု ဖွင့်လှစ်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများက သွေးတိုး၊ ဆီးချိုရောဂါများကို စောစီးစွာရှာဖွေစစ်ဆေးပေးခြင်းနှင့် ၁၀နှစ်အတွင်း နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေကို တွက်ချက်ပေးခြင်း၊ ကုသပေးခြင်း၊ အခမဲ့ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ လိုအပ်လျှင် လွှဲပြောင်းပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရမည့် နည်းလမ်းများနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ကို နမူနာသင်ကြားပြသခြင်းများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းများ၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သည့် သွေးတိုးရောဂါနှင့် ဆီးချိုသွေးချိုရောဂါ ကုသဆေးဝါးများကို ဝယ်ယူ၍ လူနာများကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ထပ်မံထုတ်လုပ်မည့် ဆေးဝါးအမယ်သစ်များအား အရည်အသွေးစစ်ဆေး၍ အသုံးပြုခွင့်ပြုနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သွေးတိုးရောဂါ အပါအဝင် မကူးစက်နိုင်သော ရောဂါများကို ဖြစ်ပွားစေသည့် အကြောင်းရင်းများမှာ မျိုးရိုးဗီဇဆက်ခံမှု၊ အသက်အရွယ်ကြီးမြင့်လာမှု စသည့်ပြုပြင်ပြောင်းလဲ၍ မရသောအကြောင်းအရာများ ပါဝင်သလို အဓိကအားဖြင့် ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများ စားသုံးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း စသည့်ကြိုတင်ကာကွယ်နိုင်သည့် အကြောင်းအရာများကြောင့် ဖြစ်ပွားရခြင်းဖြစ်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသင့်စား အစားအစာများတွင် အသွင်ပြောင်းဆီနှင့်ဆားပါဝင်မှု လျှော့ချနိုင်ရေး၊ ပြည်သူလူထုအတွင်း ကိုယ်လက်လှုပ်ရှားမှု မြင့်တင်ရေး၊ အရက်သောက်သုံးမှု လျှော့ချရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးအတွက် မူဝါဒများချမှတ်ပြီး နှီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သွေးတိုးရောဂါအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြင့်ဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပြည်ပပညာရှင်များ ပါဝင်ဆွေးနွေး

အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံမှ သွေးတိုးရောဂါဆိုင်ရာ ပါမောက္ခ/သမားတော်ကြီးများအပြင် ပြည်ပပညာရှင်များက ပါဝင်ဆွေးနွေးကာ ညီလာခံသို့ တက်ရောက်သူ ၁၉၉ ဦးနှင့် online မှ တက်ရောက်သူ ၂၀၅ ဦး စုစုပေါင်း ၄၀၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဧရာဝတီတိုင်းဒေသကြီး နယ်မြေမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီးနယ်မြေမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လေးမျက်နှာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၄၈ ခုမှ ပြည်သူ ၅၁၄ ဦး**(အပေါ်ပုံ)**၊ မအူပင်မြို့နယ် ရပ်ကွက် / ကျေးရွာအုပ်စု ၈၈ ခုမှ ပြည်သူ ၆၉၆ ဦး စုစုပေါင်း ၁၂၁၀ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ဦးစွာတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့စမ်းသပ်မဲပေးကြသည်။

မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များ၌ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးဆေးတက္ကသိုလ် ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ဆေးပညာအခြေခံနှစ် (၁၁ / ၂၀၂၃) သင်တန်းမှ ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးဆေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဆေးပညာအခြေခံနှစ် (FoundationYear) (၁၁/၂၀၂၃) သင်တန်းမှ ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ မန်းရတနာပုံခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဆေးပညာနှီးနွှယ် တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းနှင့်အတူ တိုင်းရင်းသားရိုးရာအကများဖြင့် ကြိုဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။**(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဋ္ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆေးတက္ကသိုလ် စီနီယာကျောင်းသား တစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားကာ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာ သီချင်းအကအလှနှင့် တိုင်းရင်းသားရိုးရာ အကအလှများ၊ King and Queen Suit Performance ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းဋ္ဌေးနှင့်ဦးရွှေဇင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းကို မန္တလေးဆေးတက္ကသိုလ် ပါမောက္ခနှင့် (၁၁/ ၂၀၂၃) သင်တန်းမှ ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်ကာ မောင်မယ်သစ်လွင်များကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ့အလင်း
တနင်္လာ၊ ဖေဖော်ဝါရီ ၁၉၊ ၂၀၂၄

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းရှိ Multipurpose Stadium ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် လေ့ကျင့်နေသော ဖူဆယ်အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားကစားတာဝန်ခံများ အနေဖြင့် လိုအပ်သည့် အားကစားအသုံးအဆောင် ပစ္စည်းများကို ထုတ်ပေးရန်၊ အားကစားရုံ သန့်ရှင်းလှပစေရေးနှင့် ရေရှည်တည်တံ့စေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ အားကစားသမားများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ရန်၊ ပြိုင်ပွဲအသွင် ယှဉ်ပြိုင်ကစားသည့်အခါတွင် အရည်အချင်း သတ်မှတ်ချက်နှင့်ကိုက်ညီသော ဒိုင်လူကြီးများဖြင့် စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်တောင်ပိုင်း ဘောလုံးကွင်းသို့ရောက်ရှိပြီး လေ့ကျင့်နေသော အားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြား၍ တာဝန်ရှိသူများအား ပြေးခုန်ပစ် ဝါသနာပါသူများ လေ့ကျင့်နိုင်ရန်အတွက် ပြေးလမ်းများ ဖော်ဆောင်နိုင်ရေး၊ အားကစားသမား အရန်ထိုင်ခုံများတွင် အမိုးများ တပ်ဆင်ရေးနှင့် ဝန်ထမ်းသက်သာ ချောင်ချိရေး အတွက် သီးနှံစားပင်များ စိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဘောလုံးကွင်းအတွင်းရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရုံသို့ရောက်ရှိပြီး လေ့ကျင့်နေသော အားကစားသမားများနှင့်တွေ့ဆုံ၍ နောင်တစ်ချိန်တွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ကြိုးစားလေ့ကျင့်ကြရန် တိုက်တွန်းပြောကြားကာ အားကစားရုံ အမိုးပြင်ဆင်၍ အခန်းကျယ် (Hall Type)ပုံစံ ပြုပြင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားရုံသို့ ရောက်ရှိပြီး တည်ဆောက်ဆဲလက်ဝှေ့အားကစားရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားလမ်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ စခန်းသွင်း လေ့ကျင့်နေသော နည်းပြများ၊ အုပ်ချုပ်သူများနှင့် အားကစားသမားများကို သွားရောက်တွေ့ဆုံပြီး နိုင်ငံတော်မှ အားကစားကို အားပေးချီးမြှောက်နေသည့်အချိန်တွင် အစွမ်းကုန် ကြိုးစားလေ့ကျင့် ကြစေလိုကြောင်း၊ အခက်အခဲများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အားသွန်ခွန်စိုက်ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း မှာကြားကာ အားကစားသမားများနှင့် နည်းပြများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ်အားကစားကွင်းသို့ရောက်ရှိပြီး ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ထားသော မိုးလုံလေလုံ တင်းနစ်လေ့ကျင့်ရေးခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သို့ ရောက်ရှိပြီး အမျိုးသမီး လေးထပ်အိပ်ဆောင်နှင့်အမျိုးသား လေးထပ်အိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စားရိပ်သာအတွက် လိုအပ်သည့် ဆန်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ယွန်းပညာကောလိပ်(ပုဂံ) နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ယွန်းပညာကောလိပ်(ပုဂံ) နှစ် ၁၀၀ ပြည့် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ယွန်းပညာရှင်များနှင့် ယွန်းလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး ယွန်းပညာကောလိပ် (ပုဂံ) နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် မော်ကွန်း ကျောက်စာတိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ယွန်းလုပ်ငန်းရှင်များ၏ လက်ရာယွန်းထည်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် ကောလိပ်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မြန်မာ့ရိုးရာ ယွန်းအနုပညာရပ်များကို ထိန်းသိမ်းရန်၊ ယွန်းအနုပညာလက်ရာပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ သိရှိစေရေးနှင့် ယွန်းပညာရှင် ကျောင်းသား ကျောင်းသူများ စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ကောလိပ်ဝင်းအတွင်းရှိ သစ်အခြေခံထည်၊ ဝါးအဖြူထည်၊ သားရိုးပန်းကြွယွန်းသင်တန်းဆောင်များ၊ ကွန်ပျူတာခန်းမ၊ ပန်းပု(မို) ခန်းမနှင့် ကောလိပ် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ် (ပုဂံ)သည် မြန်မာ့ယွန်းထည် လုပ်ငန်းအတတ်ပညာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရန်၊ မြန်မာ့ရိုးရာ ယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ပြီး ရရှိသည့် နည်းပညာများကို ဖြန့်ဖြူးပေးရန်၊ ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပျိုးထောင်ပေးရန်၊ ယွန်းထည်လုပ်ငန်း အတတ်ပညာသင်ကြားရေးကို ပညာသင်ကြားမှု နည်းလမ်းများနှင့်အညီ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စီးပွားရေးပညာ တတ်ကျွမ်းနားလည်သော ယွန်းအတတ် ပညာရှင်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၂၄ ခုနှစ်မှစ၍ မြန်မာ့ရိုးရာယွန်းပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ တိုးရေးစီမံကိန်းဖြင့် မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ၌ ဖွင့်လှစ်ပေးခဲ့သော တစ်လုံးထိုး အင်ကျင်ပြင်သင်တန်း (အခြေခံနှင့်မွမ်းမံ)သို့ တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ကျေးရွာသားများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော မုန်လာဥ၊ နှမ်း၊ ခရမ်းချဉ်သီး စိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဦးစီးဌာနများမှ ခရိုင်အဆင့်/မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အဂတိတရားနှင့် ပါတီနိုင်ငံရေး ကင်းရှင်းကြရန်၊ အထက် အောက် အပြန်အလှန် လေးစားမှု၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုဒုံမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာ ၁၁၀၁ ဧက စိုက်ပျိုးပြီးစီး

**မုဒုံ ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာကို စားသုံးဆီ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လျာထားစိုက်ဧကများ ပြည့်မီအောင် ၁၁၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဆီထွက်သီးနှံ ဆောင်းနေကြာများ အောင်မြင်ဖြစ်ထွန်းရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် ဒေသခံတောင်သူများကို နေကြာမျိုးကောင်းမျိုးသန့်များ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ ဒေသနှင့်ကိုက်ညီသောမျိုးများ ရွေးချယ်ပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သွင်းအားစုမြေသြဇာများ သက်သာသည့် ဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးခြင်းနှင့် စနစ်တကျ ထည့်သွင်း အသုံးပြုနိုင်ရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတောင်သူများနှင့်ပူးပေါင်းကာ အထွက်နှုန်းတိုးတက်ရေး စံပြစိုက်ခင်းများကို ဆောင်ရွက်လျက်ရှိသည်။

မုဒုံမြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆောင်းရာသီ သီးနှံစုံစိုက်ဧက ၈၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



# မင်းတုန်းမင်းတြားကြီးကုသိုလ်တော် သမိုင်းဝင်ကျွန်းကျောင်းတော်ကြီးကို ရှေးမူမပျက်ပြုပြင်ပြီးစီးမှုအထိမ်းအမှတ် ရေစက်ချကုသိုလ်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်က မင်းတုန်းမင်းတြားကြီး ဆောက်လုပ်ပြီး ပဌမရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီးအား လှူဒါန်းခဲ့သော ကျွန်းကျောင်းတော်ကြီးကို ထိုင်းနိုင်ငံမှ အလှူရှင်များက မတည်လှူဒါန်းပြီး မြန်မာနိုင်ငံမှ အလှူရှင်များ၏ ပါဝင်ကုသိုလ်လှူဒါန်းမှုတို့ဖြင့် ပြုပြင်ခဲ့ရာ အလုံးစုံအောင်မြင်ပြီးဖြစ်သည့်အတွက် ပြုပြင်ပြီးစီးမှုအထိမ်းအမှတ် ရေစက်ချကုသိုလ်မင်္ဂလာ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၌ ကျင်းပပြုလုပ်သည်။



အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကျောက်မဲမြို့သီဟိုဠ် ပရိယတ္တိစာသင်တိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရနှင့် ရွှေကျင်ဂိုဏ်းမှ ဆရာတော် သံဃာတော်များ၊ ထိုင်းနိုင်ငံ Pathum Thani ပြည်နယ်၊ Khlong Luang District ရှိ (Wat Phra Dharmmakaya) ဓမ္မကာယကျောင်းတိုက်မှ ဆရာတော် Doctor Phorn Chi နှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကျွန်းကျောင်းတော်ကြီးပေါ်တွင် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ(**အပေါ်ပုံ**) တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သောဋ္ဌသမရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်တို့၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံသို့ လှူဖွယ်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးက ကျွန်းကျောင်းတော်ကြီး ပြုပြင်ဆောင်ရွက်ရာတွင် ကိုယ်အား၊ ဉာဏ်အား၊ ဓနအားဖြင့် ကူညီထောက်ပံ့ဆောင်ရွက်ကြသော ဂုဏ်ပြုထိုက်သူတို့အား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားထားပြီး ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့ထံ မေတ္တာပရိတ်တရားတော်များနှင့် ရေစက်ချ အနုမောဒနာတရားနာယူ ကြည်ညိုကာကုသိုလ်အမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး အမှူးပြုပြီး ဆရာတော် သံဃာတော်တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံ ထပ်ဆင့်ဆက်ကပ် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ ရတနာဒေဝသာရုံ (ခြသေ့်ကျောင်းတိုက်တော်ကြီး)၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒကုမာရ ဂုဏ်ပြုပူဇော်ပွဲနှင့် သက်တော်(၆၆)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ယမန်နေ့က ရတနာဒေဝသာရုံ (ခြသေ့်ကျောင်းတိုက်တော်ကြီး) ဓမ္မာရုံတော်၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကမာဝက်မြို့ ရတနာဒေဝသာရုံ (ခြသေ့်ကျောင်းတိုက်တော်ကြီး)၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒကုမာရထံမှ သီလတော်မြတ်များ ခံယူဆောက်တည်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်ကြီးထံ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် မင်္ဂလဓမ္မဇောတိကဓဇ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ထပ်ဆင့်ဆက်ကပ် ဂုဏ်ပြုပူဇော်ခဲ့ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ ပြောကြားထားခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၂)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန်မြို့ ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၂) ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တပညိန္ဒနှင့်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခုဆိုလျှင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ကြီးသည် မူမှန်ပြက္ခဒိန်ရေးဆွဲရေး၊ မဟာသင်္ကြန်စာ ရေးသားပြုစုနိုင်ရေးတို့အတွက် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပညာဖြန့်ဝေရန် မြန်မာပြက္ခဒိန်ပညာ ဘွဲ့လွန် ဒီပလိုမာသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် မြန်မာ – အင်္ဂလိပ် – ရခိုင် မူမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာ ရေးသားပြုစုရေးတို့ကိုလည်း ပညာရှင်ကြီးများအနေဖြင့် နှစ်စဉ် ဆောင်ရွက်နေကျအတိုင်း ဝိုင်းဝန်းကြိုးပမ်း ပြုစုရေးဆွဲနိုင်ရန် ပန်ကြားလိုပါကြောင်း ပြောကြားထားသည်။

ထို့နောက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညိန္ဒက အဖွင့်အမှာစကား မိန့်ကြားတော်မူပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၇၂)ကြိမ်မြောက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေး၊ မြန်မာပြက္ခဒိန် ဘွဲ့လွန်ဒီပလိုမာသင်တန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားထားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးပြောကြားထားကြပြီး ဥက္ကဋ္ဌ ဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ခရိုင် / မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေစည်းခုံဘုရားကြီးတောင်ဘက် ရှေးဟောင်းစောင်းတန်းနှစ်ခုအတွင်းနှင့် ရှစ်မျက်နှာဘုရားတို့တွင် ဖေဖော်ဝါရီ ၁၇ ရက်က ညောင်ဦး ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက ရွှေစည်းခုံဘုရားကြီးတောင်ဘက်ရှေးဟောင်း စောင်းတန်းနှစ်ခုကြားနှင့် ရှစ်မျက်နှာဘုရားတို့တွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့်ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များကို ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသားပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများကို စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# တိုင်းပြည်ကာကွယ် စစ်မှုထမ်းကြမယ်

*သက်နိုင်ဦး (ကျည်ကာ)*

**ဤစာကို ကျွန်တော် မရေးချင်ပါ။ ပြည်သူနှင့် အစိုးရအကြား နားလည်မှုပေါင်းကူးပေးသည့် စေတနာဆိုသည့်တိုင် “ခားခုတ်ရာ လက်ဝင်လျှို” သည့် အဖြစ်မျိုးဟု ဆိုရမည်။ ပြည်သူ့ခံစားချက်ဘက် အလေးပေးလျှင် အစိုးရမကြိုက်တာ နည်းနည်းပါမည်။ အစိုးရဘက် ဖောင်းပေးရေးလျှင်လည်း ပြည်သူများ၏ စိုးရိမ်သောကကို နားမလည်ဘူးလားဟု အပြစ်တင်ခံရပါလိမ့်မည်။ စင်စစ်မူ “ယုန်ကလေး နွားစေးနေ” ရမည့်အချိန်သာ ဖြစ်ပါ၏။**

သို့တိုင် “နိုင်ငံတော်လူမိုက်” တစ်ယောက်အဖြစ် ကျွန်တော်ရေးပါသည်။ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး၊ နောင်ကျွန်တော်တို့အားလုံး၏ အနာဂတ်မျိုးဆက်များအကျိုးအတွက်မို့ မဖြစ်မနေရေးရပါသည်။ ဤသို့ရေးရာတွင် ကျွန်တော်၏ ဖြောင့်မတ်တည်ကြည်သောစိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်သူ့အကျိုးစီးပွားကို လိုလားသောစိတ်တို့ကို အရင်းတည်ပြီးရေးပါသည်။ မရေး၍လည်းမရပါ။ (ယနေ့ဖြစ်ပေါ်နေသော အကြောင်းအရာအချို့သည် ကျွန်တော် (Live) မှာ မကြာမကြာ တိုက်တွန်းပြောဆိုခဲ့သောကိစ္စများဖြစ်နေသဖြင့် ကျွန်တော့် ပယောဂ မကင်းဟု ခံစားနေ၍ ဖြစ်ပါ၏။ စကားချပ်)

၁၀-၂-၂၀၂၄ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်။ ပြည်သူများအကြား စိုးရိမ်ပူပန်စိတ် ကြီးကြီးမားမားဖြစ်ပေါ်လာသည်။ အကြမ်းဖက်ပြည်ဖျက်အုပ်စုများကလည်း အခွင့်ကောင်းယူကာ ပြည်သူများ စိုးရိမ်စိတ် မြင့်သထက်မြင့်အောင် လှုံ့ဆော်ရေးသားပြောဆိုနေကြသည်။ ပြည်ဖျက်မီဒီယာများကလည်း မြိုင်မြိုင်ဆိုင်ဆိုင် မှိုင်းရိုက်သွင်းကြသည်ကို တွေ့ရပါ၏။

### ပြည်သူလူထု၏ စိုးရိမ်ပူပန်စိတ်

မည်သို့ဆိုစေ ပြည်သူလူထု၏ စိုးရိမ်ပူပန်စိတ်အတွက် ကျွန်တော်တို့အပြစ်တင်၍မရပေ။ ပြည်သူ့ဘက်က စဉ်းစားလျှင် ပြည်သူမှန်သည်။ တိုင်းပြည်၏ နိုင်ငံရေး၊ စစ်ရေးအခြေအနေများအရ ပြည်သူများ၏ စိုးရိမ်ပူပန်စိတ်သည် တရားမျှတပါသည်။ အစိုးရဘက်ကို ပြန်လှည့်ကြည့်ပြန်တော့ သူ့ကိုလည်း မှားသည်ဟု ပြောရန်ခက်ပါ၏။ သူ့မှာလည်း သူ့တာဝန်နှင့်သူဖြစ်၏။ ခက်သည်မှာ **“ထုံဆေး မထိုးဘဲ အစိမ်းချုပ်ချုပ်”** ခြင်းပင်ဖြစ်ပါသည်။

**ဒီကနေ့ တိုင်းပြည်အခြေအနေက ခက်ခဲပါသည်။ ၂၀၂၀ ရွေးကောက်ပွဲမဲမသမာမှုနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသည့် နိုင်ငံရေးအကျပ်အတည်းမှ ပေါ်ထွက်လာသော NUG၊ PDF အကြမ်းဖက် လူသတ်ဓားပြအင်အားစုမှာ နည်းတော့မနည်းပေ။ ဤအချိန်တွင် “ပွဲလန့်တုန်း ဖျာခင်း” ဖို့ စောင့်နေသည့် အချို့သော လူမျိုးစုအမည်ခံလက်နက်ကိုင်အဖွဲ့များသည် NUG၊ PDF အကြမ်းဖက်အင်အားစုများကို အသုံးချလျက် ယခုလို တိုင်းပြည်ပျက်သုဉ်းလု အခြေအနေသို့ရောက်အောင် လုပ်ဆောင်ကြတော့သည်။**

ရရှိနေသော အခြေအနေကြောင့် သူတို့လည်း နောက်ဆုတ်မည့်ပုံ မပေါ်ပါ။ ပြည်သူများ ဒုက္ခရောက်ခြင်း၊ မရောက်ခြင်း၊ တိုင်းပြည်ပျက်ခြင်း၊ မပျက်ခြင်းသည် သူတို့စေတနာထား စဉ်းစားရမည့် အလုပ် မဟုတ်ပေ။ **“တောမီးလောင် တောကြောင် အစာဝ(လက်ခမောင်းခတ်)”** ရေးသည်သာ သူတို့၏ လိုအင်ဆန္ဒဖြစ်သည်။

### “ရန်သူ့စစ်မာန်ကို တုံ့ဆိုင်း” သွားအောင်

ဤအခြေအနေဆိုးများမှ ကျော်လွှားနိုင်ရန် ပထမဆုံး မဖြစ်မနေလုပ်ရမည့် အလုပ်က တစ်ခုတည်းရှိသည်။ **“ရန်သူ့စစ်မာန်ကို တုံ့ဆိုင်း”** သွားအောင်လုပ်ဖို့ဖြစ်သည်။ **“စိတ္တာဓိပတိ”** ဟု ဗုဒ္ဓက ဟောပြည့်ွန်ကြားထားသည်။ ထို့ကြောင့် ရန်သူ့စိတ်ကို ဦးနှိမ်ပစ်ရမည်။ ဒီလိုသုံးသပ်ပြီး လွှန်ခဲ့သည့် ခြောက်လလောက်အတွင်း Live တွေမှာ ကျွန်တော်ထပ်တလဲလဲ တိုက်တွန်းခဲ့သည်။

- စစ်မှုမထမ်းမနေရဥပဒေ အသက်သွင်းဖို့၊ ပြဋ္ဌာန်း(ဖို့) ရန်၊
- ပြည်သူ့စစ်မဟာဗျူဟာ ကျင့်သုံးမည်ဟု ရန်သူကို သိစေ(ဖို့) ရန်၊
- တပ်မတော်၏ အရန်အင်အားများ အလျင်အမြန်စုဖွဲ့(ဖို့) ရန်။

ယခုတော့ ကျွန်တော်တို့ မျှော်လင့်တာတွေ ဖြစ်ခဲ့ပြီ။

- ပြည်သူတွေပါဝင်သည့် ပြည်သူ့လုံခြုံရေး စနစ်၊
- ပြည်သူ့စစ်မှုထမ်းဥပဒေ၊
- အရန်တပ်ဖွဲ့ဥပဒေ။

ကျွန်တော် သတိထားမိသည်။ ပြည်သူတွေပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဟု အသံကြားသည်နှင့်တစ်ပြိုင်နက် တော်လှန်ရေးအမည်ခံ အကြမ်းဖက်အုပ်စုသည် ပြည်သူများ ပြည်သူ့စစ်ထဲ ပူးပေါင်းပါဝင်ခြင်းမရှိအောင် နည်းလမ်းပေါင်းစုံသုံးပြီး လှုံ့ဆော်ကြ၊ ရေးသားကြ၊ သုံးသပ်ဆွေးနွေးခန်းများဖြင့် မှိုင်းတိုက်ကြသည်။ ယခု စစ်မှုထမ်းဥပဒေထွက်လာတော့ သူတို့ပို၍ ထိတ်လန့်တကြားဖြစ်နေကြပြီဖြစ်၏။ စစ်မှုထမ်းဥပဒေ အသက်သွင်းလိုက်မှုအပေါ် အကြမ်းဖက်အဖျက်သမားအင်အားစုများမှ ချက်ချင်းအသံစုံထွက် တုံ့ပြန်မှုများသည် သူတို့၏ စိုးရိမ်ပူပန်မှု မည်မျှကြီးမားကြောင်း ထင်ရှားပါ၏။ ကျွန်တော်မျှော်လင့်ထားသည်မှာလည်း ဤအခြေအနေပင်ဖြစ်သည်။ ရန်သူ့စိတ်ဝိညာဉ်ကို ဖိအားပေးခြင်းဖြစ်၏။ ယခုအချိန်တွင် NUG၊ PDF အကြမ်းဖက်အပေါင်းပါများအားလုံးနှင့် လူမျိုးစုအမည်ခံ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့သည် မကြာမီတိုးပွားလာတော့မည့် တိုင်းပြည် ကာကွယ်ရေးအင်အားကို ရင်ဆိုင်ရန် မဖြစ်မနေစဉ်းစားကြရပြီဖြစ်သည်။ ဤကား **“ရန်သူ့စစ်မာန်ကို တုံ့ဆိုင်း”** သွားစေနိုင်သော နည်းဖြစ်သည်။

### အခြေအနေနှစ်ရပ် ချက်ချင်းပေါ်ပေါက်လာ

ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၂၀၁၀ ပြည့်နှစ်ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ တိုင်းပြည်အခြေအနေအရ မလိုအပ်သေးသဖြင့် အသက်မသွင်းဘဲ ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ ယနေ့မူ စတင်အာဏာတည်ကြောင်း ကြေညာလိုက်သည့်အခါ အခြေအနေနှစ်ရပ် ချက်ချင်းပေါ်ပေါက်လာခဲ့သည် –

(၁) ပြည်သူများအကြား စိုးရိမ်စိတ်များ ဝင်လာခြင်း၊

(၂) NUG၊ PDF အကြမ်းဖက်အုပ်စုများနှင့် လူမျိုးစုအမည်ခံ အချို့သောသောင်းကျန်းသူ အဖွဲ့များအတွင်း စိုးရိမ်စိတ်(စိတ်ဖိစီးမှု) မြင့်တက်လာခြင်းတို့ ဖြစ်ပါ၏။

ဖော်ပြပါ အခြေအနေနှစ်ရပ်တွင် အကြမ်းဖက်သမား အုပ်စုများအတွင်း စိုးရိမ်စိတ် (စိတ်ဖိစီးမှု) မြင့်တက်လာခြင်းသည် မိမိတို့ပစ်သောမြားချက် ရန်သူကို တည့်တည့်မှန်ခြင်း သဘောဖြစ်၏။ ဆက်ပစ်ရပါမည်။ ဖိပစ်ရပါမည်။ သို့မှသာ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်မှ ကျော်လွှားနိုင်မည်။ တိုင်းပြည်ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်မည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းလာမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးလာအောင် စိတ်ချလက်ချ ဆောင်ရွက်နိုင်ကြပါမည်။

ဝမ်းသာဖွယ်ရာကောင်းလှပါ၏။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသံကြားလိုက်သည်နှင့် NUG၊ PDF အကြမ်းဖက် အဖျက်သမားအုပ်စုကြား ဂနာမငြိမ်၊ ဣန္ဒြေမရဖြစ်နေကြခြင်းသည် **“ပယောဂ မှန်လို့ တုန်ဆင်း”** လာခြင်းမျိုးဖြစ်သည်။ အနာနှင့်ဆေးတွေ့ပြီး ပြည်သူများ တိုင်းပြည်မပြိုကွဲစေလိုသူများ အားရပါးရပျော်သင့်သည်။ **“ကိုဗစ်ပိုး ကုသဆေး”** ပေါ်၍ ပျော်ခဲ့သလိုကို ပျော်သင့်ကြပါ၏။

**“စိုးရိမ်လွန်းလို့ စားမဝင်အိပ်မပျော်ဖြစ်နေပါတယ်ဆိုမှ... ဒီကောင် ငါတို့ကို လာပျော်ခိုင်းနေတယ်”** ဟု ပြည်သူများက ကျွန်တော့်ကို အပြစ်တင်ကြပါဦးမည်။ အမှန်ဝန်ခံရပါလျှင် ကျွန်တော်ကိုယ်တိုင်လည်း ပြည်သူတစ်ယောက်ဖြစ်ပါသည်။ စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်နေသော သား၊ သမီး သုံးယောက် ကျွန်တော့်တွင်ရှိသည်။ ကျွန်တော့်အပူမီးကလည်း ပြည်သူများထက် မလျော့ကြောင်း သိစေလိုပါ၏။ သားသမီးများအပေါ်ထားသော မိဘများ၏ စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်သည် အားလုံးအတူတူပင်ဖြစ်ပါသည်။ သို့တိုင် ရင်နာနာနှင့် သတိပြုကြရမည်မှာ တိုင်းပြည်မပြိုကွဲ၊ မပျက်စီးအောင် ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော်တို့နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ ဤသို့ မိဘပြည်သူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းကာကွယ်ကြခြင်းကလည်း ကျွန်တော်တို့အားလုံး၏ အနာဂတ်မျိုးဆက်များအတွက်ပင် ဖြစ်ပေသည်။

### ပြည်သူအချို့၏ ပယောဂလည်းမကင်း

ယနေ့အကြောင်းကိစ္စများတွင် ကျွန်တော်တို့ ပြည်သူများ(အချို့)၏ ပယောဂလည်း မကင်းဟု ဆိုရမည်။ ကျွန်တော်တို့သည် **“ကိုယ့်ရှူးကိုယ်ပတ်”** ကြခြင်းဖြစ်၏။ တိုင်းပြည်ငြိမ်းချမ်းနေချိန် ငြိမ်းချမ်းရေး၏တန်ဖိုးကို အလေးမထားခဲ့ကြ၊ မသိခဲ့ကြပေ။ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ပေးနေသော တပ်မတော်နှင့် လုံခြုံရေးအင်အားစုများ၏ တန်ဖိုးကို အလေးမထားကြ၊ မသိခဲ့ကြပေ။ တပ်မတော်သားများ၊ ပြည်သူ့ရဲများကို မြင်လျှင် “စစ်ခွေး...စစ်ခွေး” ခေါ်ကာ ခွဲခြားဆက်ဆံ နှိမ့်ချစော်ကားခဲ့ကြသည်။

ပြည်ဖျက်သူပုန်များကိုမှ “သူတော်စင်” ထင်ခေါ်ချင်ခဲ့ကြသည်။ နိုင်ငံရေးသမား အများစုကပင် တပ်မတော်ကို ရန်သူကဲ့သို့မြင်၍ သူပုန်များကို ငယ်ပေါင်းကြီးဖော် မှတ်ယူခဲ့ကြသည်။ အကြမ်းဖက်မှုများကို အားပေးအားမြှောက် ပြုခဲ့ကြသည်။ NUG၊ PDF အကြမ်းဖက် လူသတ်၊ ဓားပြတိုက်၊ ပြည်ဖျက်ကောင်များကို နည်းလမ်းမျိုးစုံဖြင့် ထောက်ပံ့နေကြသည်။ အဆိပ်ပင်ရေလောင်း လုပ်ခဲ့ကြသည်။ ယခုတော့ မိမိတို့ရေလောင်းပေါင်းသင်ခဲ့သော အဆိပ်ပင်များမှ အဆိပ်သီးသီးကြလေပြီ။ ချိုသလား၊ ခါးသလား သိသင့်ကြပြီ။ NUG၊ PDF အကြမ်းဖက်သမားများ၊ လူမျိုးစုအမည်ခံ သောင်းကျန်းသူ အဖျက်သမားများ၏ လုပ်ရပ်က တိုင်းပြည်နှင့် ပြည်သူကို **“ကြီးပွားတိုးတက်စေသလား၊ ဆိုးရွားအပြီးပျက်စေသလား”** ယခုအချိန်တွင် အဖြေရကြပြီးဖြစ်မည် ထင်ပါသည်။ ဘယ်သို့ဆိုသောအခါ **“ကိုယ်စိုက်ခဲ့သည့် အဆိပ်ပင်ကို ကိုယ်တိုင်ပြန်နုတ်သင်”** ကြရန်မှာ ပြည်သူတို့၏ တာဝန်တစ်ခုဖြစ်လာကြောင်း ဆိုရပါတော့မည်။

*စာမျက်နှာ ၁၁ သို့*

❖ **အခြေအနေအကြောင်းကြောင်းကြောင့် ယနေ့မျက်မှောက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် အာဏာတည်ခဲ့ပြီဖြစ်ပါသည်။ ထိုသို့ အာဏာမတည်၍လည်း မရပေ။ သူပုန်သူကန်များ၊ အကြမ်းဖက်သမားများက ဖျက်အားပြင်းလှသည်။ ပြည်သူကို လုံးဝမငဲ့။ ဤအတိုင်းဆက်သွားလျှင် တိုင်းပြည်ပြိုကွဲသွားနိုင်သည်။ အကျိုးဆက်က ပြိုကွဲရုံနှင့် ရပ်သွားမည်မဟုတ်။ “တောင်လဲရာ မြက်ပြတ်” ဆိုသကဲ့သို့ အကုန်ပျက်စီးကြရပေလိမ့်မည်**

**‘ ဒီကနေ့ တိုင်းပြည်အခြေအနေက ခက်ခဲပါသည်။ ၂၀၂၀ ရွေးကောက်ပွဲမဲမသမာမှုနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသည့် နိုင်ငံရေးအကျပ်အတည်းမှ ပေါ်ထွက်လာသော NUG၊ PDF အကြမ်းဖက် လူသတ်ဓားပြ အင်အားစုမှာ နည်းတော့မနည်းပေ။ ဤအချိန်တွင် “ပွဲလန့်တုန်း ဖျာခင်း” ဖို့ စောင့်နေသည့် အချို့သောလူမျိုးစုအမည်ခံလက်နက်ကိုင်အဖွဲ့များသည် NUG၊ PDF အကြမ်းဖက်အင်အားစုများကို အသုံးချလျက် ယခုလို တိုင်းပြည်ပျက်သုဉ်းလု အခြေအနေသို့ ရောက်အောင် လုပ်ဆောင်ကြတော့သည် ’**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနားလည်စေရန် အသိပညာပေးဆွေးနွေးပွဲများ မြို့နယ်များ၌ ကျင်းပ

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ဓမ္မာရုံ၌ ပြည်သူ့စစ်မှုထမ်းဥပဒေ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်ဝင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နေဉ်အယ်နီးထာစိုးက ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး မင်းပိုင်စိုးက လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြချက်များမှာ လုပ်ကြံရေးသားသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဝင်းဦးက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ပြည်သူ့စစ်မှုထမ်းအက်ဥပဒေ စတင်ပြဋ္ဌာန်းခြင်း၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေ စတင်အာဏာတည်ခြင်း၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ရုပ်သိမ်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအသစ်ကို ထပ်မံပြဋ္ဌာန်းခြင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့ သတ်မှတ်ခြင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေပါ အကြောင်းအရာများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသိပညာပေး ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ၂၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ပြည့်ပြည့်စုံစုံ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရောင်(၁)ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်၊ ခရိုင်ဥပဒေအရာရှိ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပြစ်မှု ပြစ်ဒဏ်များ၊ ဆက်လက်ဆောင်ရွက်မည့်အချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးကြသည်။ **ဘာမီသာ(ပခုက္ကူ)**

## ချမ်းအေးသာစံ

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို အ.ထ.က(၁၄) ပန်းမျိုးတစ်ရာခန်းမတွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က အမှာစကား ပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်သန္တာအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်နှင့် အခြား ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးရာ ခရိုင်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားသည်။ အခမ်းအနားသို့ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ တက်ရောက်သည်။ **ထွန်းထွန်းနိုင်(ပြန်/ဆက်)**



---

*စာမျက်နှာ ၁၀ မှ*

အခြားတစ်ဖက်တွင်လည်း **"အစိုးရကရော"** ဟု ပြန်လည်မေးခွန်းထုတ်လာနိုင်ပါ၏။ ဟုတ်ပါသည်။ အစိုးရဘက် လှည့်ကြည့်ပြန်တော့ သူလည်း **"ပြောမဆုံးပေါင်၊ တောသုံးထောင်"** ပြဿနာတွေကို မနိုင်ဝန်ထမ်း ဖြေရှင်းနေရာတွင် အားနည်းချက်အချို့ ရှိကောင်းရှိနေနိုင်ပါသည်။ အဖျက်ကျော်၊ အဖျက်တော်တွေကြား ဉာဏ်မျှတောင့်ခံထားနိုင်သည်ကပင် ကျွန်တော်တို့ကို အံ့အားသင့်စေသည်လည်း ရှိပြန်၏။ ဤနေရာတွင် မျှမျှတတ ပြောရပါလိမ့်မည်။ လက်ရှိအစိုးရ၏ အားနည်းမှုဟု မိမိတို့မြင်နေသည့် အချက်တစ်ချက်မှာ-

**"ရန်သူကို မေတ္တာသုတ်ရွတ်ပြပြီး ပြည်သူကို ထုံးဆေးမထိုး အစိမ်းချုပ်ချုပ်ခြင်း"** ဖြစ်ပါသည်။

ဤနေရာတွင် အကြံပြုလိုသည်မှာ စီမံခန့်ခွဲသူများအနေဖြင့် ရန်သူကို နေလိုမီးလိုကျင့်၍ ပြည်သူကို ရေလိုလလို ကျင့်ပေးရန်ဖြစ်ပါ၏။

### အားလုံးတွင် တာဝန်ရှိသည်

အခြေအနေအကြောင်းကြောင်းကြောင့် ယနေ့မျက်မှောက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် အာဏာတည်ခဲ့ပြီဖြစ်ပါသည်။ ထိုသို့ အာဏာမတည်၍လည်း မရပေ။ သူပုန်သူကန်များ၊ အကြမ်းဖက်သမားများက ဖျက်အားပြင်းလှသည်။ ပြည်သူကို လုံးဝမငဲ့။ ဤအတိုင်းဆက်သွားလျှင် တိုင်းပြည်ပြိုကွဲသွားနိုင်သည်။ အကျိုးဆက်က ပြိုကွဲရုံနှင့် ရပ်သွားမည်မဟုတ်။ **"တောင်လဲရာ မြက်ပြတ်"** ဆိုသကဲ့သို့ အကုန်ပျက်စီးကြရပေလိမ့်မည်။ သူပုန်အချင်းချင်း နယ်မြေထပ်လုကြဦးမည်။ သူ့လူမျိုးကိုယ်သတ်၊ ကိုယ့်လူမျိုးသူသတ် ဆက်ဖြစ်ကြဦးမည်။ မပြီးဆုံးနိုင်သော သွေးချောင်းစီးပွဲများအကြားတွင် ပြည်သူအားလုံးတို့၏ ဒုက္ခသည် ဘယ်ခါမှ ပြီးဆုံးတော့မည်မဟုတ်ပေ။ ဤကြီးမားသော ဘေးဒုက္ခဆိုးကြီးကို မိဘပြည်သူများအားလုံး မကြုံတွေ့ရအောင်၊ ရှောင်လွှဲနိုင်အောင် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိသည်။ တပ်မတော်တစ်ခုတည်းတွင် တာဝန်ရှိနေသည် မဟုတ်ပေ။ သို့ဖြစ်ရာ ယနေ့အချိန်အခါသည် တိုင်းပြည်အတွက် "ပြည်သူ့စစ်မှုထမ်းဥပဒေ" သည် မဖြစ်မနေ လိုအပ်လာပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အကျိုးသက်ရောက်မှုမှာ-

- အမိန့်ကြေညာချက် ထွက်လာသည်နှင့် တစ်ပြိုင်နက် အကြမ်းဖက်သမားများ၊ သူပုန်သူကန်ပြည်ဖျက်များမှာ စိတ်ဖိစီးမှုဝင်ကြ၊ စိုးရိမ်သောကများစွာ ပွားနေကြပြီဖြစ်ခြင်း၊
- တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးစွမ်းအား တောင့်တင်းခိုင်မာလာမည်ဖြစ်သည့်အတွက် တိုင်းဖျက်ပြည်ဖျက် အကြမ်းဖက်သမားများ၏ တိုင်းပြည်ပြိုကွဲရေး အားထုတ်ဆောင်ရွက်နေမှုများကို အပြည့်အဝထိန်းချုပ်ဟန့်တား အမြစ်ဖြတ်နိုင်မည်ဖြစ်ခြင်း၊
- ပြည်တွင်းသောင်းကျန်းမှုစစ်မီး ပြီးဆုံးရေးကို ရာနှုန်းပြည့်နီးပါး အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သဖြင့် တိုင်းပြည်ထာဝရငြိမ်းချမ်းရေး ရရှိလာမည်ဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊
- ဖော်ပြပါတို့၏ အကျိုးဆက်အနေဖြင့် ပြည်သူများအေးချမ်းသာယာစွာ နေထိုင်နိုင်ခြင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားသော ဘဝများကို ရရှိလာကြမည်ဖြစ်ခြင်း၊
- တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရလာသည်နှင့် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပကာ ပြည်သူများ မျှော်လင့်တောင့်တနေသည့် ရွေးကောက်ခံအစိုးရနှင့် လွှတ်တော်များ ပြန်လည်ဖွဲ့စည်းနိုင်မည်ဖြစ်ခြင်း၊
- ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်ကာ ပြည်သူများလိုလား တောင်းဆိုနေကြသော ဒီမိုကရေစီဖက်ဒရယ်ခရီးကို ခိုင်ခိုင်မာမာ လျှောက်လှမ်းလာနိုင်မည်ဖြစ်ခြင်းစသည့် များစွာသော အကျိုးကျေးဇူးများကို ရရှိကြပေလိမ့်မည်။

ဤအကျိုးကျေးဇူးများသည် ပြည်သူတို့၏ တန်ဖိုးမဖြတ်နိုင်သော အိပ်မက်များလည်းဖြစ်ပေသည်။

အခြားတစ်ဖက်တွင်လည်း ပြည်သူ့စစ်မှုထမ်းစနစ်သည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းက ချွန်၍ကျင့်သုံးလာခြင်းမဟုတ်ပေ။ ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် "စစ်မှုမထမ်းမနေရ" စနစ်ကို ပုံစံခွဲအမျိုးမျိုးဖြင့် ကျင့်သုံးလျက်ရှိပါသည်။

စစ်မှုထမ်းရမည့် အချိန်ကာလ အတို၊ အရှည်သတ်မှတ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်သက်မှတ်ချက်၊ စစ်မှုထမ်းရန် တာဝန်ရှိမှုတွင် ကျား၊ မ ခွဲခြားသတ်မှတ်ချက်၊ စစ်မှုထမ်းရာတွင်လည်း အသိပညာ၊ အတတ်ပညာအလိုက် ထမ်းဆောင်ရမည့် တာဝန်ကွဲပြားမှုစသည်တို့ဖြင့် မိမိတို့တိုင်းပြည်လိုအပ်ချက်အလိုက် ကွဲပြားကြပါသည်။ ဒိန်းမတ်၊ ဆွီဒင်၊ ဖင်လန်၊ အီဂျစ်၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ ရုရှား၊ အစ္စရေး ကဲ့သို့သောနိုင်ငံတို့တွင်မူ စစ်မှုထမ်းကာလ ပြီးဆုံးသွားသည့်တိုင် အသက်အရွယ်သတ်မှတ်ချက်တစ်ခုအထိ အရန်အင်အားအဖြစ် ဆက်လက်ရှိနေပြီး တိုင်းပြည်က လိုအပ်၍ဆင့်ခေါ်သည့်အခါ ထပ်မံတာဝန်ထမ်းဆောင်ပေးရသည့် အခြေအနေမျိုးဖြစ်ပါသည်။

အချုပ်အားဖြင့် သိစေလိုသည်မှာ-

- နိုင်ငံသားတိုင်းသည် ကိုယ့်နိုင်ငံ မပြိုကွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။
- မလိုအပ်သောအချိန်တွင် တာဝန်ကင်းစွာဖြင့် နေခဲ့ကြပြီးဖြစ်သည်။ လိုအပ်ချိန်တွင် ကျရာတာဝန်ထမ်းဆောင်ခြင်းဖြင့် မိမိတို့၏တာဝန်သိမှု လူသားဂုဏ်နှင့် စိတ်ဓာတ်ကြီးမြင့်မှုကို ပြကြရမည်သာဖြစ်ပါသည်။
- စစ်မှုထမ်းခြင်းသည် စစ်တိုက်ရန် လိုရင်းရည်ရွယ်ချက်မဟုတ်။ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်သာ စစ်မှုထမ်းခြင်း၏ လိုရင်းရည်ရွယ်ချက်ဖြစ်ပါသည်။
- ကြီးမားခိုင်ခံ့သော စစ်အင်အားသည် ရန်သူကို ဝန်းရံထိန်းချုပ်ထားရုံဖြင့် စစ်တိုက်စရာမလိုဘဲ ကြောက်ရွံ့၊ ထိတ်လန့်၊ ဒူးထောက် အညံ့ခံလာစေခြင်းအကျိုးကိုရရှိစေမည်။ (ရာဇဝင်သမိုင်းမှတ်တမ်းများစွာ ရှိခဲ့ပြီး။ စကားချပ်)
- စစ်မတိုက်ဘဲ စစ်နိုင်ရန် လိုအပ်သည့် ကြီးမားခိုင်ခံ့သော နိုင်ငံတော်၏ စစ်အင်အားကို ယနေ့မှစ၍ ကျွန်တော်တို့ ပြည်သူများအားလုံး၏ စုပေါင်းညီညွတ်မှုဖြင့် တည်ဆောက်ကြပါစို့ဟု- တိုက်တွန်းလိုက်ရပါသည်။

"ကမ္ဘာတည်သရွေ့ မြန်မာပြည်တည်စေရမည်"

# မကွေးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွားတုများ အခမဲ့ တပ်ဆင်ပေး

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွားတု(အံပုံ)များ အခမဲ့ တပ်ဆင်ပေးခြင်းကို မကွေးမြို့ရှိ တိုင်းဒေသကြီးခုတင်(၅၀၀)ဆံ့ ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် သွားတု(အံပုံ)ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အငြိမ်းစားနိုင်ငံ့ဝန်ထမ်းသုံးဦးအား သွားတု (အံပုံ)များ ကိုယ်တိုင် တပ်ဆင်ပေးသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အံပုံများ အခမဲ့ တပ်ဆင်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်(သွားကျန်းမာ)နှင့်အဖွဲ့က ဦးစီး၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၄၅ ဦးအား သွားတုများ တပ်ဆင်ပေးခြင်းကို သုံးရက်ကြာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**



အငြိမ်းစားဝန်ထမ်းတစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် သွားတုတပ်ဆင်ပေးနေစဉ်။

# ရပ်စောက်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများက ပြည်သူများအား ကွင်းဆင်းဆေးကုသပေး

**ရပ်စောက် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီးမြို့)၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာတိုက်နယ်ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါ ကွင်းဆင်းဆေးကုသမှုတွင် စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦးက ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် အရိုးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ စိတ်ကျန်းမာရေးအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြားအထူးကု၊ မျက်စိအထူးကု၊ သွားအထူးကုဆရာဝန်ကြီးများက ရောဂါများ စမ်းသပ်ကုသပေးရာ ဒေသခံရဟန်းသံဃာတော်များနှင့် ပြည်သူဦးရေ ၆၅၀ ခန့် လာရောက်ပြသကုသမှုခံယူကြသည်။

ပြည်သူများအား ဆေးကုသပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး(ဝဲပုံ) ပြည်နယ်ဝန်ကြီးချုပ်က ကွင်းဆင်းဆေးကုသပေးသည့် အဖွဲ့များ၊ ပင်ဖြစ်တိုက်နယ် ပြည်သူ့ဆေးရုံနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ပြည်နယ် ငွေလုံး၊ ငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ပင်ဖြစ်ကျေးရွာ ရောင်ခြည်ဦးရေလွှဲဆည်(ပုန်းအင်းကန်)ကိုလည်းကောင်း၊ မြေနီကုန်း ကျေးရွာအနီးရှိ မိုင်းသောက်သရက်ဥယျာဉ်ခြံတွင် အစ္စရေး+မြန်မာနည်းပညာဖြင့် စိုက်ပျိုးထားသည့် ၃၂ ဧက အပင် ၄၀၀၀ စိန်တလုံးသရက်ခြံကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

# ပဲခူးမြစ်ကူး သန်လျင်တံတား အမှတ်(၃) တည်ဆောက်မှု ၉၇ ရာခိုင်နှုန်းပြီးစီးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ပဲခူးမြစ်ကူး သန်လျင်တံတား အမှတ် (၃) စီမံကိန်းကို ဂျပန်နိုင်ငံ အကူအညီဖြင့် ၂၀၁၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

“ဒီတံတားကြီးအမျိုးအစားက ကေဘယ်စတေး သံမဏိကြိုးဆိုင်းတံတား ဖြစ်ပါတယ်။ တံတားကြီးကို ဂျပန်နိုင်ငံက ကုမ္ပဏီများက လာရောက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တံတားဦးစီးဌာနအနေနဲ့ တံတားတစ်စင်းလုံးရဲ့ လက်ရန်း၊ ပလက်ဖောင်း၊ ရေဆင်းပေါက်၊ လျှပ်စစ်မီးအပိုင်းတွေကို ဆောင်ရွက်ရပါတယ်။ တံတားဦးစီးဌာနက မလုပ်ဖူးသေးတဲ့ နည်းပညာတွေလည်း ပါတဲ့အတွက် ဝန်ထမ်းတွေကို လက်တွေ့ကွင်းဆင်းပြီး သင်တန်းတွေ စေလွှတ်ခဲ့ပါတယ်။ ဒါကြောင့် ဒီလိုတံတားကြီးတွေ ဆောက်ရတာ တိုင်းပြည်အတွက်သာမက ဌာနအတွက်ပါ အကျိုးကျေးဇူးရှိပါတယ်”ဟု တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်ကြားရေးမှူး(မြို့/ပြ) ဦးမြင့်ဝင်းက ပြောသည်။

အဆိုပါ တံတားအရှည်မှာ မြစ်ကူးတံတားအပိုင်း ၆၆၆၃ ပေ၊ ကုန်းကျော်တံတားအပိုင်း ၁၉၇၅ ပေ၊ စုစုပေါင်း ၈၆၃၈ ပေရှိပြီး တံတားအကျယ် ၇၅ ပေဖြစ်ကြောင်း၊ လေးလမ်းသွားတံတားဖြစ်ပြီး တစ်ဖက်လျှင် မော်တော်ဆိုင်ကယ်လမ်း ငါးပေစီ ပါရှိကြောင်း၊ သံမဏိကြိုးဆိုင်းတံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများ ရာနှုန်းပြည့်ပြီးစီးသွားပါက သန်လျင်တံတားအမှတ်(၁)တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်နှင့် သန်လျင်ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်သာမက အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြု၍ ဘားအံ-မြဝတီအထိ ဆက်စပ်သွားလာနိုင်မည်ဖြစ်ကာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည့်အပြင် ဒေသတွင်းနိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**





ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၁)ရပ်ကွက် မဟာထူပါရုံ စေတီတော်မြတ်ကြီး ဗိမာန်တော်အတွင်း ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်း ဟောပြောနေစဉ်။ ရဲကိုမောင် (ပြန်/ဆက်)

# အမ်းမြို့နယ် အောက်ရွာကျေးရွာ၌ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆိုလာဖြင့် စိုက်ပျိုးရေပေးဝေရေး စတင်ဆောင်ရွက်မည်

**အမ်း ဖေဖော်ဝါ ရီ ၁၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာ၌ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်စေရန် ဟင်းရွက်ချောင်း ရေလှောင်တမံမှ ဆည်ရေကို ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ စိုက်ပျိုးရေပေးဝေမည့် လုပ်ငန်းအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းကို ပြည်နယ်အစိုးရ အဖွဲ့ရန်ပုံငွေကျပ် ၄၅ ဒသမ ၀၉ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၄၀၀ ကျော်မှ လူဦးရေ ၂၀၀၀ နီးပါးအား အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ဆင်ရေးမပြုလုပ်မီ ရာဖာမြို့မှ အရပ်သားများ ဘေးလွတ်ရာပြောင်းရွှေ့နိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၈**



အရပ်သားများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခွင့်ပြုပြီးနောက် ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ကို မြေပြင်ထိုးစစ်ဆင်မှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက အရိပ်အမြွက် ပြောကြားလိုက်သည်။

ထို့အပြင် စစ်ဆင်ရေးများကို ရပ်တန့်ရန် ကြိုးပမ်းခြင်းမှာ အစ္စရေးအား စစ်ပွဲရှုံးနိမ့်ကြောင်း ပြောခြင်းဖြစ်သည်ဟု နေတန်ယာဟုက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထောက်များအား ပြောသည်။ ပါလက်စတိုင်းပိုင်နက် တောင်ဘက်စွန်းရှိ ရာဖာမြို့တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်သူများအပါအဝင် လူပေါင်း ၁ ဒသမ ၅ သန်းနီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့မှာ ဟားမားစ်တို့ အခိုင်အမာခြေကုပ်ယူထားသော နေရာတစ်ခုဖြစ်ကြောင်း အစ္စရေးက ပြောသည်။ အစ္စရေးတပ်ဖွဲ့အနေဖြင့် ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်မြို့ရှိ ၎င်းတို့၏ စစ်ဆင်ရေးကို မကြာမီအဆုံးသတ်တော့မည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။

အရပ်သားများအား အကာအကွယ်ပေးမည့်အစီအစဉ်မရှိဘဲ ရာဖာမြို့ကို စစ်ဆင်ရေးမပြုလုပ်ရန် အမေရိကန်က အစ္စရေးကို တိုက်တွန်းထားသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ဟားမားစ်တို့က ဖမ်းဆီးထားသော ကျန်ရှိနေသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုမှာ ရပ်တန့်နေကြောင်း သိရသည်။

၎င်း၏အဖွဲ့အနေဖြင့် ပြီးပြည့်စုံသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထက် လျော့နည်းသည့် မည်သည့်အရာကိုမျှ လက်ခံသွားမည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ပြန်ချက်တွင် ဟားမားစ်ခေါင်းဆောင် အစ္စမေးလ် ဟာနီယာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# နွေဦးပွဲတော် အားလပ်ရက်ကာလအတွင်း ရှန်ဟိုင်းသို့ ခရီးသွား ၁၆ ဒသမ ၇၅ သန်း လာရောက်လည်ပတ်

**ရှန်ဟိုင်း ဖေဖော်ဝါရီ ၁၈**

နွေဦးရာသီပွဲတော် အားလပ်ရက်ကာလအတွင်း ရှန်ဟိုင်းသို့ ခရီးသွား ၁၆ ဒသမ ၇၅ သန်း လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း စည်ပင်သာယာရေး၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဗျူရိုက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောသည်။

ရှစ်ရက်ကြာ ပွဲတော်ကာလအတွင်း ရှန်ဟိုင်းမြို့၌ အစားအသောက်နေရာထိုင်ခင်း၊ ဈေးဝယ်ထွက်ခြင်းနှင့် ခရီးသွားလာခြင်းတို့အတွက် ဝင်ငွေ ယွမ် ၁၉ ဒသမ ၁ ဘီလီယံရရှိခဲ့သည်။ ပွဲတော်ကာလအတွင်း ပြည်တွင်းပြတိုက်၊ အနုပညာပြခန်းနှင့် ကဇာတ်ရုံများ စုစုပေါင်း ၂၀၀ ကျော် ခင်းကျင်းပြသခဲ့သည်။

ရှေးရိုးရာဓလေ့ထုံးတမ်းများနှင့် လက်မှုပညာများကို မြှင့်တင်ရန်အတွက် ရှန်ဟိုင်းမြို့ရှိ အဓိကစီးပွားရေးဇရိယာများ၊ ယဉ်ကျေးမှုနေရာများ၊ မြေအောက်ဘူတာရုံများ၊ ပန်းခြံများ၊ ရှုခင်းသာသည့်နေရာများတွင် အလှဆင်မှုပေါင်း ၂၆၀ ကျော် ပြုလုပ်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**



နွေဦးရာသီပွဲတော် အားလပ်ရက်ကာလအတွင်း မီးရှူးမီးပန်းပွဲကျင်းပနေသည်ကို တွေ့ရစဉ်။

# ကုလသမဂ္ဂက ဦးစီးပြုလုပ်သည့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ညီလာခံကို တာလီဘန်တို့ တက်ရောက်မည်မဟုတ်

**ကဘူးလ် ဖေဖော်ဝါရီ ၁၈**

ကုလသမဂ္ဂက ဦးစီးပြုလုပ်မည့် အာဖဂန်နစ္စတန်နိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ညီလာခံကို ၎င်းတို့တက်ရောက်မည်မဟုတ်ဟု တာလီဘန်တို့က ပြောသည်။

အဆိုပါညီလာခံတွင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့် အစ္စလာမ္မစ်အုပ်စုတို့အကြား ကွာခြားချက်များကို မီးမောင်းထိုးပြမည်ဖြစ်သည်။ နှစ်ရက်တာကျင်းပမည့်အစည်းအဝေးကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အိမ်ရှင်အဖြစ် ပြုလုပ်မည်ဖြစ်ပြီး ကာတာနိုင်ငံ ဒိုဟာမြို့၌ တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။

တာလီဘန် ကြားဖြတ်အစိုးရအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ညီလာခံတက်ရောက်ရန် ပထမဆုံးအကြိမ်အဖြစ် ဖိတ်ခေါ်ခံရခြင်းလည်းဖြစ်သည်။ သို့သော်လည်း အဆိုပါညီလာခံသို့ တက်ရောက်ရန်အစီအစဉ်မရှိဟု တာလီဘန်တို့ ထိန်းချုပ်ထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အမျိုးသမီးများအတွက် လူ့အခွင့်အရေးအခြေအနေများ တိုးမြှင့်ပေးရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက တာလီဘန်တို့ကို တိုက်တွန်းလျက်ရှိသည်။

သို့သော်လည်း တာလီဘန်တို့က အာဖဂန်နစ္စတန်၏ ပြည်တွင်းရေးကို စွက်ဖက်သည်ဟုဆိုကာ အဆိုပါတောင်းဆိုချက်ကို ပယ်ချခဲ့သည်။ တာလီဘန်တို့သည် အမျိုးသမီးများ၏အခွင့်အရေးကို ချိုးနှိမ်ပြီး မူလတန်းပညာရေးစနစ်ကိုသာ သင်ကြားခွင့်ပေးခဲ့သည်။ အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားနေကြသည့် အာဖဂန်နိုင်ငံသားများကိုပါ အဆိုပါညီလာခံသို့ ဖိတ်ကြားထားသည့်အတွက် တာလီဘန်တို့အတွက် စိတ်မကျေနပ်စရာဖြစ်စေခဲ့သည်ဟု ယူဆရသည်။ တာလီဘန်တို့ ပါဝင်ခြင်းမရှိဘဲ အာဖဂန်နစ္စတန်ရှိ လူ့အခွင့်အရေးတိုးတက်မှုအတွက် ဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက မည်သို့ကူညီနိုင်မည်ဆိုသည်မှာ မသေချာပေ။

**အင်န်အိတ်ချ်ကေ**



# နှစ်ပေါင်း ၄၀၀ ခန့်က ဂျပန်လုပ် စာဖတ်ခုံကို ပေါ်တူဂီနိုင်ငံ၌ တွေ့ရှိ

**တိုကျို ဖေဖော်ဝါရီ ၁၈**

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က ဂျပန်နိုင်ငံတွင် ပြုလုပ်သော စာဖတ်ခုံတစ်ခုကို ပေါ်တူဂီနိုင်ငံတွင် တွေ့ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စာဖတ်ခုံကို အနက်ရောင်သစ်စေးများဖြင့် သုတ်လိမ်းထားပြီး အလယ်တွင် ရေးဆွဲထားသော ထင်းရှူးပင်တစ်ပင်ရှိသည်။ ၎င်း၏ အနားသတ်များကို ကနုကမာလက်ရာများဖြင့် ခြယ်သထားသည်။ ယဉ်ကျေးမှုဆိုင်ရာ တိုကျိုအမျိုးသားဌာနမှ သုတေသီတစ်ဦးဖြစ်သူ ကိုဘယာရှိ ကိုဂျိက ပေါ်တူဂီနှင့် စပိန်ခရီးသွားများက ဂျပန်သို့ မှာယူထားသော ယွန်းထည်ပစ္စည်းများထဲမှ နောက်ဆုံးတွေ့ရှိမှုဖြစ်သည်ဟု ယူဆရကြောင်း ပြောသည်။

ထို့အပြင် ယခုစာဖတ်ခုံအမျိုးအစားကို ကျမ်းစာများဖတ်ရာတွင် အသုံးပြုလေ့ရှိကြောင်း ၎င်းက ဆက်ပြောသည်။ X-ray စစ်ဆေးမှုများအရ ထင်းရှူးပင်ပုံအောက်တွင် တစ်စုံတစ်ခုကို ဖယ်ရှားထားကြောင်း ညွှန်ပြနေသည့် သဲလွန်စများကို တွေ့ရှိကြောင်း၊ နောက်ပိုင်းတွင် ကိုဘယာရှိနှင့် အခြားသောသုတေသီများက လက်ဝါးကပ်တိုင်တင်ထားသော ခရစ္စတော်ပုံနှင့် IHS လိုဂို၏ အကြွင်းအကျန်များ ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယက INSAT-3DS မိုးလေဝသဂြိုဟ်တု လွှတ်တင်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာအို)က INSAT-3DS မိုးလေဝသဂြိုဟ်တုသစ်ကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဖေဖော်ဝါရီ ၁၇ ရက်က လွှတ်တင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်း အင်ဒရာ ပရာဒက်ရှ်ပြည်နယ် သီဟာရီကိုတာကျွန်းမှ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၅ မိနစ်က မိုးလေဝသဂြိုဟ်တုကို ဂျီရိုဆင်ခရောင်းနပ် လွှတ်တင်ရေးယာဉ် (GSLV-F14) ဒုံးကျည်ပေါ်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်မှာ ဂြိုဟ်တုကို ရည်ရွယ်ထားသည့် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အိုင်အက်စ်အာအိုက လူမှုကွန်ရက်မီဒီယာတွင် ပြောကြားသည်။ အဆိုပါဂြိုဟ်တုမှာ မိုးလေဝသ ခန့်မှန်းချက်နှင့် သဘာဝဘေး သတိပေးချက်တို့အတွက် ကုန်းမြေနှင့် သမုဒ္ဒရာ၏ မိုးလေဝသဆိုင်ရာ လေ့လာခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်းကို မြှင့်တင်ရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။ ဂြိုဟ်တုသည် လက်ရှိလည်ပတ်နေသည့် INSAT-3D နှင့် INSAT-3DR ဂြိုဟ်တုတို့နှင့်အတူ မိုးလေဝသဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အိုင်အက်စ်အာအိုက ပြောကြားသည်။

၂၂၇၄ ကီလိုဂရမ် အလေးချိန်ရှိသည့် ယင်းဂြိုဟ်တုမှာ အိန္ဒိယမိုးလေဝသဌာနအပါအဝင် ကမ္ဘာ့သိပ္ပံဆိုင်ရာ ဖက်ဒရယ်ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



အိန္ဒိယအာကာသသုတေသနအဖွဲ့က လွှတ်တင်သည့် INSAT-3DS ဂြိုဟ်တုကို တွေ့ရစဉ်။



ဇန်းမော်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။



ပြည်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။

# တနိုင်းမြို့၊ ဇန်းမော်မြို့၊ မြိတ်မြို့နှင့် ပြည်မြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့ မြို့ဦးကျောင်းရှေ့နှင့် ဇန်းမော်မြို့ ပြည်သူ့အားကစားကွင်း၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျောက်ဖျာခရုရုပ်တု၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကမ်းနားလမ်း ခေတ္တရာညဈေးကွင်းပြင်၌လည်းကောင်း အသီးသီး ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌ စုဝေးကြပြီး ကျင်းပမည့်နေရာ



မြိတ်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲတွင် ဒေသခံပြည်သူများ ချီတက်လာစဉ်။



တနိုင်းမြို့၌ ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲတွင် မျိုးချစ်ပြည်သူများ တစ်ခဲနက်ချီတက်စဉ်။

အသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကို ကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပအန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သန်လျင်မြို့နယ်တွင် တပ်မတော်က ဖေဖော်ဝါရီ ၁၇ ရက်နေ့ ညပိုင်းနှင့် ယနေ့နံနက်ပိုင်း ဧည့်စာရင်းများ စစ်နေပြီး ဧည့်စာရင်းမတိုင်သော လူငယ်တချို့ ဖမ်းဆီးခေါ်ဆောင်ခံရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် တပ်မတော်က ယမန်နေ့ညပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် ဧည့်စာရင်းများ ဝင်ရောက်စစ်နေပြီး ဧည့်စာရင်းမတိုင်သော လူငယ်တချို့နှင့် မှတ်ပုံတင်မပြနိုင်သော လူငယ်တချို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံပြည်သူများက ပြောသည်ဟု မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။



အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူများ စိုးရိမ်ထိတ်လန့်လာစေရန် နည်းလမ်းမျိုးစုံဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကောလာဟလ သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိရာ ယခုတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ခံမှုကို ပြည်ဖျက်မီဒီယာ ခေတ်သစ်က မဟုတ်မမှန် သတင်းများဖြင့် အများပြည်သူ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာစေရန် ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုံရွာမြို့နယ်နှင့် ဘားအံမြို့နယ်တို့ရှိ ကျေးရွာများသို့ တပ်မတော်ကလက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ညောင်ပင်ရွာကို ဖေဖော်ဝါရီ ၁၇ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူခုနစ်ဦး ထိခိုက်ဒဏ်ရာရပြီး နှစ်ဦး စိုးရိမ်ရဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ နေရာများသို့ ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အများပြည်သူနေထိုင်ရာ မြို့၊ ရွာများအတွင်း အဓမ္မဝင်ရောက်၍ ခိုအောင်းလှုပ်ရှားခြင်း၊ ရွာသားများကို လူသားဒိုင်းအဖြစ် အသုံးပြုတိုက်ခိုက်ခြင်းများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ယခု ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင်လည်း ညောင်ပင်ရွာသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိဘဲ လုပ်ကြံဝါဒဖြန့် ရေးသားထားသော သတင်းအမှားသာဖြစ်သည်ကို သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၅ ရက်တွင်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ရေအေးရွာကို တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ





နှစ်ဦး ဒဏ်ရာရပြီး နေအိမ် ၁၀ လုံးကျော် ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖော်ပြထားရှိသည်ကိုတွေ့ရှိရပြီး မြေပြင်စုံစမ်းသိရှိရသော သတင်းများအရ ယင်းနေ့တွင် တပ်မတော်၏ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်သည့်အဖွဲ့အား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး/ငယ်များဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် ဒေသခံကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းများဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး ယင်းဖြစ်စဉ်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ ထုတ်လွှင့်ကာ အများပြည်သူ အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# သမိုင်းတွင်ခဲ့သော မြန်မာတို့၏ ဓမ္မပဏ္ဏာမော်ကွန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၀၁ ခုနှစ် တာဝန်ယူပြီးချိန် မြန်မာ-တရုတ် ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။ အမှန်အားဖြင့် နှစ်ကာလ ရာ၊ ထောင်ကပင် နှစ်ပြည်ထောင်ကူးလူးဆက်ဆံမှု သမိုင်းမှတ်တိုင်များစွာ ရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်ရန်အတွက် "အေးအတူ ပူအမျှ အသိုက်အဝန်းအတူတကွ တည်ဆောက်နေထိုင်ရေး" မူနှင့် ချစ်ကြည်စွာ ရပ်တည်လျက် ရှိပါသည်။**

**မောင်ချစ်အေး**

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို မြန်မာနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ဦးစွာ သဘောတူညီချက်များရယူကာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး အုတ်မြစ်ချခဲ့ကြခြင်း ဖြစ်ပါသည်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ် အသီးသီးတွင် အစိုးရချင်း၊ ပြည်သူချင်း၊ ကူးလူးဆက်ဆံ ဖလှယ်ကြကာ ချစ်ကြည်ရေးခရီးများ လက်တွဲလျှောက်ခဲ့ကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းတော်မှ ရွှေတိဂုံပုံတူ မဟာစိနပဘာစေတီတော်မြတ်ကြီး။

**မော်ကွန်းဝင် မဟာစိနပဘာ**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဧည့်သည်တော်များ ချစ်ကြည်ရေးခရီးဖြစ်စေ၊ အလုပ်သဘောခရီးဖြစ်စေ လာရောက်ကြသည့်အခါတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တက်ရောက်ဖူးမြော်လေ့ရှိကြပါသည်။ ၂၀၁၁ ခုနှစ် သမ္မတကြီး ဦးသိန်းစိန် တာဝန်ယူခဲ့သည့်ကာလအတွင်း သမိုင်းတွင်ကျန်ရစ်စေခဲ့မည့် ထုထည်ကြီးမားလှသော ချစ်ကြည်ရေးမှတ်တိုင်ကြီးတစ်ခုအဖြစ် ဓမ္မပဏ္ဏာ ရွှေတိဂုံပုံတူစေတီတော်ကြီး တစ်ဆူကို တည်ထားလှူဒါန်း လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

စေတီတော်ကြီးမှာ ဉာဏ်တော် ၁၀၈ ပေရှိပြီး ဘွဲ့တော်မှာ "မဟာစိနပဘာ" စေတီတော်၊ တရုတ်ပြည်အတွက် ကြီးမြတ်တောက်ပသော အလင်းဆောင်သည့်စေတီတော်ဟု အမည်တော်ရပါသည်။

**တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ပထမဆုံး ရောက်ရှိရာဒေသ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မြင်းဖြူကျောင်းတော်သည်တရုတ်ဘုန်းတော်ကြီး နှစ်ပါး ဗုဒ္ဓကျမ်းစာများ တရုတ်ပြည်အနောက်ပိုင်း ရှင်းကျန်ဝေဂါဒေသမှ တစ်ဆင့် မြင်းဖြူနှစ်စီးနှင့် သယ်ဆောင်လာကာ ဤအရပ်၌ သီတင်းသုံး၊ ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့သော ဒေသ ဖြစ်ပါသည်။ သမ္မတ ကျန်စီမင့် လက်ထက်တွင် မြင်းဖြူကျောင်းတော် (Bai Ma Ci)ဗုဒ္ဓဘာသာ စတင်ထွန်းကားရာ ဒေသဟု ကမ္ပည်းဆိုင်းဘုတ်တပ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော် (Most. Ven. Chan Zhan) နှင့် မြင်းဖြူကျောင်းဆရာတော် (Most. Ven . Yin Lee) တို့နှင့် မြို့အုပ်ချုပ်ရေး တာဝန်ရှိသူများမှ မေတ္တာရပ်ခံချက်၊ တရုတ်အစိုးရ သဘောတူညီချက်အရ တည်ထားခဲ့ခြင်း ဖြစ်သည်။ အများအားဖြင့် မဟာယာန ဗုဒ္ဓဘာသာထွန်းကားသော တရုတ်ပြည်တွင် ထေရဝါဒနှင့် အညီ ရွှေတိဂုံပုံတူ ဥဒိဿစေတီတစ်ဆူ သာသနာပြု တည်ထားကာ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

**မင်္ဂလာကမ္ပည်းမော်ကွန်း**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် အတူ အဖွဲ့ဝင်များ၊ မြင်းဖြူကျောင်း ဆရာတော်ယင်းလီ၊ တရုတ်သာသနာရေး ဗျူရို အကြီးအကဲ မစ္စတာ ဝမ်ဇိုအမ့်နှင့် ဟေနန်ပြည်နယ် ဒေသဆိုင်ရာ အာဏာပိုင်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တရုတ်-မြန်မာ နှစ်ဘာသာဖြင့် စိုက်ထူထားသော မင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာ နှစ်နေရာတွင် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပါသည်။ မော်ကွန်းကမ္ပည်းစာတမ်းမှာလည်း မြန်မာပြည်သူတို့၏ သဒ္ဓါစေတနာနှင့် နှစ်ပြည်ထောင် ချစ်ကြည်ရေး ရည်ရွယ်ချက်များကို အလေးအနက်ဖော်ညွှန်းလျက်ရှိသည်မှာ ထင်ရှားလှပါသည်။

**"တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မြင်းဖြူကျောင်းတော် ရွှေတိဂုံစေတီတော် ပုံတူ မဟာစိနပဘာ စေတီတော်မြတ်ကြီး မင်္ဂလာကမ္ပည်းမော်ကွန်း၊ ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက် ဗုဒ္ဓဟူးနေ့"**

"တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ကြာစေရန်၊ နှစ်နိုင်ငံ ဗုဒ္ဓဘာသာဝင်ပြည်သူတို့၏ ဘာသာတရား အခြေခံ၍ ယဉ်ကျေးမှုတူညီစွာ ကူးလူးဆက်ဆံ ရင်းနှီးမှုရရှိစေရန်နှင့် ဗုဒ္ဓဘာသာ အလင်းရောင် ကမ္ဘာအနှံ့ ထွန်းလင်းပြန့်ပွားစေရန် ရည်သန်လျက် ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ၊ အတွင်းလိုဏ်တော် နှစ်ဆင့်နှင့် ဌာပနာသုံးဆင့် ပါရှိသော ရွှေတိဂုံစေတီတော်ပုံတူ မဟာစိနပဘာ စေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၄ ရက် (၁၀-၄-၂၀၁၂) အင်္ဂါနေ့တွင် မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီမင်္ဂလာတို့ကို ကျင်းပပြုလုပ်၍ စတင်တည်ထားခဲ့ကာ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁ ရက် (၃၀-၆-၂၀၁၄) တနင်္လာနေ့တွင် သတ္တဌာန မူလဌာပနာတော်သွင်းမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်း မင်္ဂလာ၊ အထက်ဌာပနာတော်သွင်း မင်္ဂလာ၊ ရွှေထီးတော်တင်မင်္ဂလာ၊ ရွှေကြာသက်နန်း ကပ်လှူခြင်းမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာတို့ကို ကျင်းပ ပြုလုပ်ခဲ့ပြီး စေတီဘုရား တည်ထားခြင်း နဝမင်္ဂလကမ္မကိုးမျိုးတို့ဖြင့် အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း စေတီတော် အခြံအရံ သာသနိက အဆောက်အဦများနှင့် တကွ တည်ထားလှူဒါန်းပူဇော်သည့် ကုသိုလ်တော် သမိုင်းမှတ်တမ်းလွှာကို မင်္ဂလာကမ္ပည်းဆင် မော်ကွန်းတင်အပ်ပါသတည်း။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

အထက်ပါ မင်္ဂလာကမ္ပည်းမော်ကွန်းအား မြန်မာစာနှင့် တစ်ချပ်အပြင် တရုတ်ဘာသာနှင့်ပါ ကျောက်စာ တို့ကို စေတီတော်အတက်၊ အထင်ကရ မြင်သာသောနှစ်နေရာတွင် စိုက်ထူထားရာ ဤစေတီတော်ကြီးတည်နေသမျှ သမိုင်းတွင် ကျန်ရစ်မည့် ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ကောင်းမွန် ပြည့်ဝသော မော်ကွန်းဝင် ကမ္ပည်းများပင် ဖြစ်ပါသည်။

**ဆက်နွှယ်လျက်ရှိသော သာသနာရေး အစဉ်အလာများ**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် သာသနာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် တူညီသော အစဉ်အလာများ ရှိခဲ့ကြသည်။ မြန်မာနိုင်ငံ ပုဂံခေတ်၊ အနော်ရထာမင်းကြီး၊ အလောင်းစည်သူမင်းကြီးနှင့် နရသီဟပတေ့မင်းတို့ လက်ထက်တွင် တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရန် ကြိုးစားခဲ့ကြသည့် မှတ်တမ်းများ ရှိခဲ့သည်။ ရှင်ဒိသာပါမောက္ခ ဆရာတော်ကြီး ကိုယ်တိုင်လည်း နှစ်ပြည်ထောင်ချစ်ကြည်ရေး ပိုမိုတိုးတက်စေရေး ကြိုးပမ်းခဲ့သည့် သမိုင်းမှတ်တမ်းများအရ၊ ဗုဒ္ဓမြတ်စွယ်တော်ကို အကြောင်းပြု၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများ ရှိခဲ့ကြောင်း ထင်ရှားလှပါသည်။

**သဒ္ဓါအဟုန်နှင့်တည်ထားခဲ့သော သာသနာပြုလုပ်ငန်းမှတ်တမ်းများ**

မဟာစိနပဘာစေတီတော်ကြီးအား ၂၀၁၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ရတနာပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား ကျင်းပခဲ့သည်။ တည်ဆောက်ရေးကာလမှာ ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၄ ခုနှစ် မေလအထိ နှစ်နှစ်ခန့် ဖြစ်ပါသည်။ ဉာဏ်တော် ၁၀၈ ပေရှိ၍ အတွင်းလိုဏ်နှစ်ဆင့်နှင့် ဌာပနာသုံးဆင့် ပါရှိသည်။ ရွှေတိဂုံပုံတူစေတီတော်ကြီးနှင့်အတူ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ၊ နဂါးရုံဘုရား၊ တံခွန်တိုင်၊ ခေါင်းလောင်းတော်၊ ရတနာကျောက်စိမ်း၊ စကျင်ကျောက်၊ ကြေးသွန်းနှင့် ကျွန်းသစ်ရတနာသားတို့နှင့် ထုဆစ်ထားသော ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်လေးဆူ၊ ဂြိုဟ်တိုင်ရှစ်တိုင်၊ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ၊ မော်ကွန်းကျောက်စာတိုင်၊ မန္တလေးရတနာပုံ မြို့ရိုးပုံစံ မဟာရံတံတိုင်း၊ နန်းတော်မုခ်ဦးပုံစံ မုခ်ကြီးလေးမုခ်နှင့် ဗုဒ္ဓဝင်ကျောက်ဆစ်ပန်းပုလက်ရာများအပြင် ကျောင်းဆောင်တော် အစရှိသော သာသနိကအဆောက်အဦများကိုပါ သဒ္ဓါထက်သန်စွာနှင့် အမြတ်ဆုံးသော ဓမ္မပဏ္ဏာ ချစ်ကြည်ရေး သမိုင်းဝင်မော်ကွန်းတင် လှူဒါန်းလွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**ထုထည်ကြီးမားစွာတည်တံ့နေမည့် ချစ်ကြည်ရေး မှတ်တိုင်ကြီးတစ်ခု**

နှစ်နိုင်ငံချစ်ကြည်ရေး သမိုင်းကြောင်းတွင် မရှိခဲ့ဖူးသေးသည့် ဤထုထည်သဒ္ဓါကြီးမားစွာ သာသနာပြုတည်ထားခဲ့သော "မဟာစိနပဘာစေတီတော်မြတ်ကြီး"ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ချစ်ကြည်ရေးလက်ဆောင်၊ ဓမ္မပဏ္ဏာ စေတီတော်ကြီး အစွန့်ရှည်တည်ပါစေကြောင်းနှင့် နှစ်ပြည်ထောင် ချစ်ကြည်ရေး " အေးအတူ ပူအမျှ အသိုက်အဝန်း" အတူတကွ တည်ဆောက်ကာ ရာသက်ပန် လက်တွဲရပ်တည် နေထိုင်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။

**"တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဧည့်သည်တော်များ ချစ်ကြည်ရေးခရီးဖြစ်စေ၊ အလုပ်သဘောခရီးဖြစ်စေ လာရောက်ကြသည့်အခါတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တက်ရောက် ဖူးမြော်လေ့ရှိကြပါသည်။ ၂၀၁၁ ခုနှစ် သမ္မတကြီး ဦးသိန်းစိန် တာဝန်ယူခဲ့သည့်ကာလအတွင်း သမိုင်းတွင်ကျန်ရစ်စေခဲ့မည့် ထုထည်ကြီးမားလှသော ချစ်ကြည်ရေး မှတ်တိုင်ကြီးတစ်ခုအဖြစ် ဓမ္မပဏ္ဏာ ရွှေတိဂုံပုံတူစေတီတော်ကြီး တစ်ဆူကို တည်ထားလှူဒါန်း လွှဲပြောင်းပေးအပ်ခဲ့ပါသည်"**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုနှစ်အတွင်း ပြည်တွင်းပြည်ပဘုရားဖူး ငါးသိန်းဝန်းကျင်ခန့် လာရောက်ဖူးမြော်



**ကျိုက်ထို ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စဉ်ဆက်မပြတ် လာရောက်ဖူးမြော်နေကြပြီး ပွဲတော်စတင်သည့်ရက်မှ ယနေ့အချိန်ထိ ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူပေါင်း ငါးသိန်းဝန်းကျင်ခန့် လာရောက်ဖူးမြော်ခဲ့ကြကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ယခုနှစ်ဘုရားပွဲတော်ကာလ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်တွင်းဘုရားဖူး ၄၅၄၃၈၁ ဦး၊ ပြည်ပဘုရားဖူး ၄၉၁၅ ဦး စုစုပေါင်း ပြည်တွင်းပြည်ပ ၄၅၉၂၉၆ ဦး လာရောက်ဖူးမြော်ခဲ့ကြကြောင်း ဂေါပကအဖွဲ့၏ မှတ်တမ်းအရ သိရသည်။

စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဂေါပကအဖွဲ့အနေဖြင့် ရင်ပြင်တော်နှင့် ဝန်းကျင်သန့်ရှင်းရေးကို အထူးအလေးထားဆောင်ရွက်နေသည့်အပြင် လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ခေါင်းဆောင် ဦးစိုးလှက ပြောသည်။

ဘုရားဖူးပြည်သူများ လွယ်ကူအဆင်ပြေစွာ တက်ရောက်ဖူးမြော်နိုင်ရန် တောင်တက်ကား ၁၅၀ စီစဉ်ထားပြီး လူဦးရေနှင့် ယာဉ်စီးခနှုန်းထားများကို သတ်မှတ်ပေးထားကြောင်း၊ ဘုရားပွဲတော်ကာလအတွင်း တစ်နှစ်ပတ်လုံးတောင်တက် ကားများဖြင့် တက်ရောက်ဖူးမြော်နိုင်ကြောင်း ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း အတွင်းရေးမှူး ဦးရဲမြင့်က ပြောသည်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုသူများပြားလျက်ရှိကြောင်း တွေ့ရသည်။ **ကျိုက်ထို(မြန်/ဆက်)**

# တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ



**တောင်ကြီး ဖေဖော်ဝါရီ ၁၈**

တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းစတင်ကပ်လှူခြင်းနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက စေတီတော်ကြီးအနီး ဇေတဝန်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များက စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ၊ တောင်ကြီးမြို့ ကံသာရပ်ကွက်၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ ဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ပြီး မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်မြတ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရား နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်ချ အမျှပေးဝေပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။ **မောင်မောင်သန်း(မြန်/ဆက်)**



# ထားဝယ်မြို့၌ ကျောင်းအခြေပြုစက်ချုပ်သင်တန်းဆင်း

**ထားဝယ် ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျောင်းအခြေပြုစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက ဒေသခံအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းပညာများ ရရှိခြင်းဖြင့် မိမိကိုယ်မိမိရပ်တည်နိုင်ရန်နှင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိစေရန်၊ နိုင်ငံတော်ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားစေရန်နှင့် အမျိုးသမီးများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်လင်းလင်းအေးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ က သင်တန်းသူများ လက်တွေ့ပြုလုပ်ထားသောအထည်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိ



**မော်လမြိုင် ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ်၌ တစ်ဧက ဆား ၁၅တန် ထွက်ရှိသည့် ဆားထုတ်လုပ်ဧက ၅၀၀၀ မှ တစ်နှစ်လျှင် ပျမ်းမျှ ဆားတန်ချိန် ၆၀၀၀၀ မှ ၇၀၀၀၀ အထိ ထွက်ရှိကာ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မွန်ပြည်နယ်တွင် ဆားလုပ်ငန်းရာသီသည် နှစ်စဉ် ဒီဇင်ဘာလမှစတင်ပြီး ဧပြီလတွင် မိုးရွာပါက ခေတ္တရပ်နားကာ မိုးရွာသွန်းမှုမရှိပါက မေလကုန်ထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဆားများကို ပင်လယ်ရေအငွေ့ပြန်ခြင်းစနစ်ဖြင့် ထုတ်လုပ်ပြီး ပင်လယ်နှင့်ဆက်စပ်သည့် သံဖြူဇရပ်မြို့နယ်ရှိ ပငချောင်း၊ ကရုပ္ပိချောင်း၊ အံခဲချောင်း သုံးချောင်းတို့မှ ရေများကိုယူ၍ ဆားထုတ်လုပ်ကြသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို ပြည်တွင်းရှိ မွန်၊ ကရင်၊ တနင်္သာရီ၊ မန္တလေးဒေသများသို့ တင်ပို့ရောင်းချသည့်အပြင် ပိုလျှံသည့်ဆားများကို တောင်ကိုရီးယားနိုင်ငံသို့ ယခုလတွင် ဆားတန်ချိန် ၄၀ တင်ပို့ပြီး ယခုနှစ် ဆားထုတ်လုပ်ရာသီတွင် တန်ချိန် ၅၀၀၀ ကို တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်တွင် ဆားလုပ်ငန်းရှင် ၉၂ ဦးက ဆားကွင်းဧက ၅၀၀၀ ဖြင့် ဆားထုတ်လုပ်လျက်ရှိပြီး ဆားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆားကြမ်းမှ အိုင်အိုဒင်းဆားချောထုတ်လုပ်မည့် ခေတ်မီစက်များဖြင့် တပ်ဆင်ထုတ်လုပ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်က ပြောသည်။

ယခုအခါ တောင်ကိုရီးယားနိုင်ငံ၌ မြန်မာ့ဆားများ ဈေးကောင်းရရှိပြီး ဈေးကွက်အနေအထားအရ ကြီးမားသောကြောင့် ဆားဈေးကွက်ကို ပြည်ပသို့ ထိုးဖောက်နိုင်ပါက မြန်မာနိုင်ငံမှ ဆားလုပ်ငန်းရှင်များနှင့် ဆားထုတ်လုပ်တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိလာကာ ဝင်ငွေတိုးစေမည့်အပြင် နိုင်ငံခြားဝင်ငွေများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ**

**(မြန်/ဆက်)**

# ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် ရွှေ့ပြောင်းနေထိုင်မှုများ




သီဟစည်သူ

**ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာကြီးသည် လျင်မြန်သောပြောင်းလဲမှုများကို ကြုံတွေ့နေရပြီး သိသာထင်ရှားသော အကျိုးဆက်များထဲမှတစ်ခုမှာ ရာသီဥတုဆိုင်ရာ အိုးအိမ်စွန့်ခွာ နေရပ်ရွှေ့ပြောင်းသွားလာမှုများပင်ဖြစ်သည်။**

ရာသီဥတုဆိုင်ရာရွှေ့ပြောင်းသွားလာမှုများဆိုသည်မှာ ပတ်ဝန်းကျင်အခြေအနေများ ပြောင်းလဲခြင်းကို တုံ့ပြန်ရန်အတွက် လူ၊ တိရစ္ဆာန်များနှင့် အပင်များ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်းကို ရည်ညွှန်းခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ၊ ပြောင်းလဲလာသော ဂေဟစနစ်များ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့ ပြင်းထန်သော ရာသီဥတုအခြေအနေများနှင့် ရောဂါပြန့်ပွားမှုပုံစံများ ပြောင်းလဲခြင်းအပါအဝင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ပတ်သက်သည့် အကျိုးဆက်များသည် ရာသီဥတုဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုများ ဖြစ်ပေါ်လာစေရန် တွန်းအားပေးလျက်ရှိသည်။

ရာသီဥတုဆိုင်ရာ ရွှေ့ပြောင်းနေထိုင်ခြင်း၏ သက်ရောက်မှုများသည် လူသားအသိုင်းအဝိုင်းများသာမက တောရိုင်းတိရစ္ဆာန်များနှင့် ဂေဟစနစ်တစ်ခုလုံးကိုပါ ထိခိုက်စေနိုင်သည်။

**ဖြေရှင်းရခက်သည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရ**

လူသားများအတွက် ရာသီဥတုဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုများသည် ထိခိုက်လွယ်သော အသိုက်အဝန်းများအကြား အိုးမဲ့အိမ်မဲ့ဖြစ်မှုကြောင့် ခိုလှုံရာနေရာအသစ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှာဖွေရန် ဖြေရှင်းရခက်သည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။ ၂၀၅၀ ပြည့်နှစ်တွင် လူပေါင်းသန်း ၁၄၀ ကျော်ခန့်သည် ပြောင်းရွှေ့နေထိုင်သူများ ဖြစ်လာနိုင်မည်ဟု ကမ္ဘာ့ဘဏ်၏ သုတေသနပြုချက်အရ ခန့်မှန်းထားပြီး ရာသီဥတုကြောင့် ရွှေ့ပြောင်းနေထိုင်သူများသည် ဒေသသုံးခုဖြစ်သည့် လက်တင်အမေရိက၊ အာဖရိကဆာဟာရဒေသနှင့် အရှေ့တောင်အာရှဒေသများမှ ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းနေရပ် စွန့်ခွာသူများ စောင့်ကြည့်လေ့လာရေးစင်တာ(IDMC)မှ အချက်အလက်များအပါအဝင် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ (IOM)က ထုတ်ပြန်သည့် ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်နွယ်သော အခက်အခဲများကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ပျမ်းမျှ လူပေါင်း ၂၁ ဒသမ ၆ သန်းသည် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ ဖြစ်လာခဲ့သည်။ အဆိုပါအစီရင်ခံစာအရ ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုနှင့်ဆက်နွယ်သော ရာသီဥတုဖြစ်စဉ်များကြောင့် ထိခိုက်မှုအရှိဆုံးဒေသများဖြစ်သည့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၌ (၁၀ သန်းကျော်)၊ အရှေ့တောင်အာရှ၌ (ရှစ်သန်းကျော်)၊ ဆာဟာရအာဖရိက၌ (နှစ်သန်းကျော်)၊ အမေရိက၌ (နှစ်သန်းခန့်)၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၌ (နှစ်သန်းနီးပါး)၊ ဥရောပနှင့် အလယ်ပိုင်းအာရှတို့၌ လူနှစ်သန်းနီးပါးသည် ရေလွှမ်းမိုးမှုဘေးဒဏ်ကို ရင်ဆိုင်ခဲ့ရကြောင်း အစီရင်ခံစာက မီးမောင်းထိုးပြထားသည်။

**သန်းပေါင်းများစွာတိုးလာဖွယ်ရှိ**

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည်လည်း ၂၀၂၀ ပြည့်နှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း အရှေ့အာဖရိကကမ်းရိုးတန်းရှိ ရာသီဥတုဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူ ခုနစ်သိန်းခွဲခန့် ရှိနိုင်မည်ဟု ဖော်ပြထားသည်။ ထို့အတူ ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်ရေမျက်နှာပြင် ၀ ဒသမ ၄၄ မီတာတက်လာပါက ဘင်္ဂလားဒေ့ရှ်၌ ရာသီဥတုကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၇၃၀၀၀၀ ခန့် ရှိလာနိုင်ပြီး ကမ္ဘာ့ဒေသအသီးသီး၌ ရာသီဥတုကြောင့် ရွှေ့ပြောင်းနေထိုင်သူ သန်းပေါင်းများစွာ တိုးလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ဥပမာအားဖြင့် မိမိတို့မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)ကြောင့် လူနေအဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့် အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ အပါအဝင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုများ၏ ပျမ်းမျှခန့်မှန်းချက်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံခန့်ရှိပြီး ယင်းပမာဏသည် ၂၀၂၁ ခုနှစ် မြန်မာ့ GDP၏ ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပျက်စီးမှုအများဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်သည်တွင် ထိခိုက်သူ ၁ ဒသမ နှစ်သန်းခန့်ရှိပြီး ပြည်တွင်း အိုးအိမ်မဲ့ဒုက္ခသည်စခန်းများ ပျက်စီးခဲ့ကာ လူအများအပြားလည်း သေဆုံးခဲ့သည်။ အဆိုပါမုန်တိုင်း မဝင်ရောက်မီ အချိန်ကတည်းက ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့မှုနှင့်အတူ မုန်တိုင်းတိုက်ခတ်ပြီးနောက် အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြောင့်လည်း ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းသည် သိသာထင်ရှားသည့် ရာသီဥတုဆိုင်ရာ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရမှုများကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများပင်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစိုးရ၏ ရန်ပုံငွေများစွာလည်း ကုန်ကျခဲ့ရသည်။

**ရာသီဥတုကြောင့် ရွှေ့ပြောင်းနေထိုင်မှုများ**

ရာသီဥတုကြောင့် ရွှေ့ပြောင်းနေထိုင်မှုများမှာ များသောအားဖြင့် မြေယာပျက်စီးခြင်းကြောင့် ရွှေ့ပြောင်းနေထိုင်မှု ၇၀ ရာခိုင်နှုန်း၊ မိုးခေါင်ရေရှားမှုကြောင့် ၅၀ ရာခိုင်နှုန်းနှင့် သစ်တောပြုန်းတီးမှုကြောင့် ၄၅ ရာခိုင်နှုန်းတို့ ဖြစ်သည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုးရွားလာသည်နှင့်အမျှ သဲကန္တာရဖြစ်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ လေထု ညစ်ညမ်းခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် စစ်မက်ဖြစ်ပွားမှုများကြောင့်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ အနည်းဆုံး လူပေါင်း ၈၉ ဒသမ ၃ သန်းခန့်တို့သည် ၎င်းတို့၏နေအိမ်များမှ စွန့်ခွာထွက်ပြေးလာစေရန် တွန်းအားပေးနေကြောင်း ကုသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းတွင် ဟာရီကိန်းမုန်တိုင်းများ၊ ရေကြီးရေလျှံခြင်းနှင့် တောမီးများကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် လူများကို အိုးအိမ်စွန့်ခွာထွက်ပြေးစေရန် တွန်းအားပေးနေပြီး၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ကမ်းရိုးတန်းဒေသခံများ ရေလွှမ်းမိုးမှုအန္တရာယ်များ ကြုံတွေ့လာသည်နှင့်အမျှ နေရာရွှေ့ပြောင်းနေထိုင်ရန် လိုအပ်မှုမှာ ပိုမိုအရေးတကြီး လိုအပ်လာလျက်သည်။ ထို့ပြင် ရာသီဥတုပုံစံပြောင်းလဲလာခြင်းနှင့် ရောဂါပြန့်ပွားမှုများသည်လည်း ပြည်သူ့ကျန်းမာရေးနှင့် လူဦးရေရွှေ့ပြောင်းမှု၏ အသွင်အပြင်ကို ပြောင်းလဲစေလျက်ရှိသည်။

**ကြီးထွားလာနေသော ခြိမ်းခြောက်မှုတစ်ခု**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူး ဘက်သ်ဘီချ်ဒေါက ရာသီဥတုဖောက်ပြန် မှုသည် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်နိုင်ပြီး ၎င်း၏သက်ရောက်မှုများသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်ပါ ကြီးထွားလာနေသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း သိပ္ပံနည်းကျ အထောက်အထားများက ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်ဟု ပြောကြားခဲ့သည်။ “ငြိမ်းချမ်းရေးမရှိရင် စားနပ်ရိက္ခာဖူလုံမှုမရှိသလို စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ ငြိမ်းချမ်းရေးလည်း မရှိနိုင်”ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကလည်း ထပ်လောင်းသတိပေးထားသည်။ လက်ရှိကမ္ဘာ့နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် လူပေါင်း ၂၅၈ သန်းသည် စားနပ်ရိက္ခာမလုံလောက်မှု မြင့်မားမှုနှင့် ရင်ဆိုင်နေရပြီး ယင်းတို့အနက် သုံးပုံနှစ်ပုံကျော်မှာ ရာသီဥတုနှင့် ပဋိပက္ခများကြောင့် ငတ်မွတ်မှုနှုန်း မြင့်မားနေကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးဆိုင်ရာ ဖိအားများကြောင့်လည်း ရေနှင့် မြေအရင်းအမြစ်များ ရှားပါးလာမှုအတွက် မွေးမြူရေးနှင့် လယ်သမားများကြား တင်းမာမှုနှင့် ပြိုင်ဆိုင်မှုများ တိုးမြင့်လာခဲ့ကြောင်း ဘီချ်ဒေါက ဆိုထားသည်။

ကမ္ဘာကြီး ပူနွေးလာသည်နှင့်အမျှ ဝင်ရိုးစွန်းရေခဲလွှာများ ဆုံးရှုံးခြင်းနှင့် ဆက်နွယ်နေသော ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် သမုဒ္ဒရာရေစီးကြောင်းများ ပြောင်းလဲခြင်းတို့အပါအဝင် ကမ္ဘာ၏ ရာသီဥတုစနစ်တွင် နောက်ပြန်လှည့်၍မရသော အန္တရာယ်ကြီးမားလှသည့် “စံချိန်မှတ်များ” ကို တဖြည်းဖြည်း ဖြတ်ကျော်လာခဲ့ရသည်။ ဥပမာ စံချိန်တင်မိုးရွာသွန်းခြင်း၊ စံချိန်တင် အပူချိန်မြင့်မားခြင်း၊ ကမ္ဘာ့အပူချိန် စံချိန်သစ်များရောက်ရှိလာခြင်း အစရှိသည့် စံချိန်မှတ်များကို ဖြတ်ကျော်လာမှုများသည် လူသားမျိုးနွယ်တို့အတွက် မကြုံစဖူးကြီးမားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခြိမ်းခြောက်မှုများ၏ သံချောင်းခေါက်သံများပင် ဖြစ်ပါကြောင်း။ ။

**ကိုးကား-**

(၁) Climate change and displacement: the myths and the facts

(၂) Extremely Severe Cyclonic Storm Mocha, May 2023, Myanmar: Global Rapid Post-Disaster Damage Estimation (GRADE) Report

**ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုးရွားလာသည်နှင့်အမျှ သဲကန္တာရဖြစ်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ လေထုညစ်ညမ်းခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် စစ်မက်ဖြစ်ပွားမှုများကြောင့်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ အနည်းဆုံး လူပေါင်း ၈၉ ဒသမ ၃ သန်းခန့်တို့သည် ၎င်းတို့၏နေအိမ်များမှ စွန့်ခွာထွက်ပြေးလာစေရန် တွန်းအားပေးနေကြောင်း ကုသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ထား**




# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ကျေးရွာနှင့် ရပ်ကွက်များရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူရှင်များက သုတ ရသ စာအုပ် ၁၆၀ ကို ဖေဖော်ဝါရီ ၁၅ ရက်က လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းသော စာအုပ်များမှာ တောင်ကြီးကောလိပ် (၁၉၆၁-၁၉၇၅) ငွေရတုသဘင် အာစရိယပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ် ၆၀ တန်ဖိုးငွေကျပ် ၁၂ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဇေယျာစာပေ ဘဏ်တိုက်မဂ္ဂဇင်းစာအုပ် ၁၀၀ တန်ဖိုးငွေကျပ် ၃၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စာပေဖတ်ရှုပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန် သုတ ရသ စာအုပ်များကို ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် နှစ်စဉ်ဝယ်ယူ၍ ထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောက်လုပ်ရန် ထောက်ပံ့ခြင်း၊ အလှူရှင်များက လှူဒါန်းသောစာအုပ်များကို လက်ခံ၍ပေးပို့ခြင်းများကိုဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်၍ အလှူငွေနှင့် စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူးဖုန်း ၀၉၅၁၄၂၅၆၄၊ ရုံးအဖွဲ့မှူးဖုန်း ၀၉၄၂၀၇၀၀၃၂၆ တို့ကို ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၈ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) မြက်ခင်းရင်ပြင်၌ ကျင်းပရာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ရီက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုံးမစကားပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) (တောင်ငူ) ကျောင်းသားဟောင်းများ(ကိုယ်စား) ကျောင်းသားတစ်ဦးက အမှာစကားပြောကြားကာ ဒုတိယနှစ် ကျောင်းသား ကျောင်းသူများက "သာစွမြန်မာ" သီချင်း၊ ရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး မောင်မယ်သစ်လွင်များကို နွေးထွေးစွာကြိုဆိုဖိတ်ခေါ်ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး စက်မှုလက်မှုသိပ္ပံ (တောင်ငူ) ကျောင်းသား ကျောင်းသူများ၏ တီထွင်ထုတ်လုပ်ထားသော လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါ စက်မှုလက်မှုသိပ္ပံ (GTI) (တောင်ငူ)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မောင်မယ်သစ်လွင် ၉၇ ဦး၊ ဒုတိယနှစ်ကျောင်းသားကျောင်းသူ ၁၄၃ ဦး စုစုပေါင်း ၂၄၀ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၈ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၉၄ | ၆၈၃၃၅၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၆၂၃ | ၁၀၃၅၂၁၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၁၉ | ၉၂၈၂၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၂ | ၃၄၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၆၃ | ၁၅၇၅၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၂၂၈ | ၄၁၀၄၀၀ |
| AHPC | ၄၆၀၀ | ၄၈၀၀ | ၁၅ | ၇၀၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၀၀၃ | ၁၇၀၅၁၅၀ |

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊**
**ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri-culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့(Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၂၁ သို့

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ




ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုတိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်းဌာနခွဲသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၂၇-၁-၂၀၂၁) ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အရ ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၁-၂၀၂၄) ရက်နေ့အထိ အသက်(၅)နှစ်နှင့်အထက်ရှိသော ကာကွယ်ဆေးထိုးနှံရန်အကျုံးဝင်သူ လူဦးရေ (၄၃) သန်းကျော်အနက် လူဦးရေ (၃၉.၈) သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးလွှမ်းခြုံမှု (၉၂) ရာခိုင်နှုန်းရရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသည့် လူဦးရေမှာ (၃၆.၃) သန်းခန့် ရှိပြီဖြစ်သောကြောင့် ကာကွယ်ဆေး လွှမ်းခြုံမှု (၈၄) ရာခိုင်နှုန်း ရရှိခဲ့ပြီးဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ (၆) လပြည့်ပြီးသော အသက်(၅)နှစ်နှင့်အထက်ရှိသူများအား အသက်အရွယ်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်) များကို ထိုးနှံပေးလျက်ရှိပါသည်။

Gavi Covax Facility မှ လှူဒါန်းသည့် Pfizer Original Strain Comirnaty 30 micrograms / dose နှင့် Omicron မျိုးကွဲများကိုပါ ကာကွယ်ပေးနိုင်သည့် Pfizer Original/ Omicron BA.4–5 Comirnaty (15/15 micrograms) /dose ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုအသုံးပြု၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁-၁-၂၀၂၄) ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ (၆) လပြည့်ပြီးသော ကျန်းမာရေးဝန်ထမ်းများ၊ အသက် (၅၀) နှစ်အထက် နာတာရှည်ရောဂါခံစားနေရသော ပြည်သူလူထုများ၊ အသက် (၅၀) နှစ်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် (၆၅) နှစ်နှင့်အထက် ပြည်သူလူထုများ၊ အသက် (၁၈) နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ထိုသို့ ပြည်သူလူထုများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံထားခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်ပွားပါက ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ခြင်း၊ မျိုးကွဲသစ်များ ပေါ်ပေါက်လာသော်လည်း ကာကွယ်ဆေးထိုးနှံထားပါက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသည့် လွှမ်းခြုံမှု (Coverage)ကောင်းမွန်ပါက ပြည်သူ လူထုအကြား ရောဂါကာကွယ်နိုင်မှု မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ အစုလိုက် ကပ်ရောဂါအသွင်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## မိတ္ထီလာ၌ အသက် ၆၅ နှစ်နှင့် အထက်ပြည်သူများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံခြင်းဆောင်ရွက်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား Pfizer ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က အောင်မင်္ဂလာခန်းမ၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။ ထိုသို့ Pfizer ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးရာတွင် မိတ္ထီလာမြို့ပေါ်ရပ်ကွက်များဖြစ်သည့် အရှေ့ပြင်စျေး၊ သီရိမင်္ဂလာ၊ မြို့မ၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ အောင်ဇေယျာ၊ နန်းတော်ကုန်း၊ အောင်ဆန်း၊ ပေါက်ချောင်း၊ ပြည်သာယာ (မ)၊ ပြည်သာယာ(တ)၊ ဝန်ဇင်း စသည့် ရပ်ကွက်များမှ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

စာမျက်နှာ ၂၀ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

## မုံရွာမြို့ ပြည်တော်သာရပ် ကွက်သစ်ရပ်ကွက်တွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**မုံရွာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပြည်တော်သာရပ် ကွက်သစ်ရပ်ကွက်တွင် ယနေ့ နံနက် ၁၀ နာရီခန့်က ဒေါ်သိမ့်၏နေအိမ်တွင် လျှပ်စစ်မီးသုံးစွဲရာမှ မီးခလုတ်အပူလွန်ကဲပြီး ဝိုင်ယာများ မီးလောင်ကာ နေအိမ်သို့ ကူးစက်သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မုံရွာခရိုင်မီးသတ် ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်များ၊ မုံရွာမြို့ သလ္လာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ၊ လူမှုရေးအဖွဲ့များက စုပေါင်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၀ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မီးသုံးစွဲမှုပေါ့ဆခဲ့သူ နေအိမ်ပိုင်ရှင် ဒေါ်သိမ့်အား မုံရွာမြို့နယ်နယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## ကျောက်တံခါးမြို့နယ်၌ မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က နေအိမ်နောက်ဖေးမီးဖိုရှိ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ဂုဏ်တော်ရပ်ကွက်နေ ဝေဖြိုးအောင်(ခ)မဲကြီး (၃၇)နှစ်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်အား စိစစ်ရာ ဝေဖြိုးအောင်(ခ)မဲကြီးသည် ထမင်း/ဟင်းချက်ပြုတ်ပြီးနောက် အပြင်သို့သွားရောက်စဉ် နေအိမ်ရှိ မီးကြွင်းမီးကျန်များမှတစ်ဆင့် မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ် တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဝေဖြိုးအောင်(ခ)မဲကြီးအား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မဈေးကြီး၌ ခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်သင်ကြားပေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က ဆောင်ရွက်စဉ်။ (အဆိုပါလက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်သင်ကြားပေးရာတွင် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း စုစုပေါင်း ၇၇ ဦးအား ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လေ့ကျင့်ပေးခြင်းဖြစ်သည်။) ချမ်းသာ(မိတ္ထီလာ)

**မီးဘေးရှောင် မလောင်ခင်တား**

## ပုသိမ်ကြီးမြို့နယ်၌ ခရီးသည်တင် မော်တော်ယာဉ်တစ်စီး တာယာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ခရီးသည်တင် မော်တော်ယာဉ်တစ်စီး တာယာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ည ၆ နာရီ မိနစ် ၄၀ ခန့်တွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် တစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့သည်။ ၃၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ရာ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့ဘက်သို့ မန္တလေး-ပြင်ဦးလွင်အဆင်းလမ်း မိုင်တိုင်အမှတ် ၁၆ မိုင် ၃ ဖာလုံနှင့် ၄ ကြားတွင် အင်းစိန်မြို့နယ်နေ ထွန်းထွန်းသန်း(၄၄)နှစ် မောင်းနှင်ကာ ယာဉ်နောက်လိုက် နွားထိုးကြီးမြို့နယ် ဆေးထိုးကျေးရွာနေ မျိုးမြင့်ဇင်(၂၈)နှစ် လိုက်ပါလာပြီး ခရီးသည် ၂၄ ဦး တင်ဆောင်လာသည့် YGN 6G/xxxx ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ တာယာအပူလွန်ကဲပြီး မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ယာဉ်နှင့်ယာဉ်ပေါ်ပါပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ထွန်းထွန်းသန်းအား အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဖေဖော်ဝါရီ ၁၈ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိ ယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ စည်ပင်ကွပ်ကဲရုံ (တာဝန်ခံ)၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများကို ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ ကားကြီးကွင်းအတွင်းရှိ ကားဂိတ်များ၊ ယာဉ်ပြင်အလုပ်ရုံများ၊ စားသောက်ဆိုင်၊ ပွဲရုံများနှင့် ရေဆေးခုံများအား မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ ဇော်ဘိ

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မြေသယ်ယာဉ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့ အကျဲကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မြေသယ်ယာဉ် Hight Way Dump Truck ငါးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထက်တံဆိပ်ပါဆန်အိတ် ၁၀၅ အိတ်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီးနှင့် JAC Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) တို့ကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မိုးကောင်းမြို့နယ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ၁၁၂၅ ဒသမ ၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၅၆၀၀)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၅၉၅၂၅၆၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရှေ့ဒဂုံမြို့နယ် မြေတိုင်း(၃)လမ်း ၁၃ ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Spy Wine ပုလင်း ၈၄၀၊ Maximus Beer



ဘူး ၇၂၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် MAC GARDEN Non-Dairy Cream ၅၂၉၉၂ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃၅၁၃၉၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Toyota Pajero တစ်စီးနှင့် Nissan X Trail တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၃၅၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၇၆၄၁၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၅၆၆၈၅၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး- ညောင်ဦးမြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားများ၏ အခြေခံ လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် လူတိုင်းကျန်းမာရေး ကောင်းမွန်စေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထူးကုဘာသာရပ်ဆိုင်ရာ ကုသမှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းကုသမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး ညောင်ဦးမြို့မှ အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ အဆိုပါခရီးစဉ်အတွင်း နှလုံးဆေးကုသမှုဆိုင်ရာ လူနာ ၇၁ ဦး၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ လူနာ ၉၁ ဦး၊ ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဆိုင်ရာလူနာ ၉၆ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၁၂ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာလူနာ ၃၀၂ ဦး၊ အထွေထွေခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၅၂ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၆၄ ဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာလူနာ ၉၉ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာလူနာ ၁၄၆ ဦး၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးလူနာ ၈၁ ဦး၊ မျက်စိရောဂါလူနာ ၁၆၄ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၁၂၃ ဦး၊ သားဖွားမီးယပ်ရောဂါ လူနာ ၁၄ ဦး၊ အရေပြားရောဂါ လူနာ ၁၆ ဦး၊ သွားနှင့်ခံတွင်းရောဂါ၊ ကင်ဆာရောဂါ၊ စိတ်ကျန်းမာရေးလူနာ ရှစ်ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၃၇၇ ဦးကို ကြည့်ရှုကုသပေးခဲ့သည်။



အဆိုပါ အထူးကု ဆေးကုသရေးအစီအစဉ်တွင် ညောင်ဦးမြို့ပေါ်သာမက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၅၀၊ အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း (OGD Scope) ၁၁ ဦး၊ ကွန်ပျူတာဓာတ်မှန် (CT Scan) ရိုက်ကူးခြင်း ၁၇ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၈၄ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၂၄၂ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၃၁၂ ဦး၊ Ultra-sound ရိုက်ကူးခြင်း ၁၁၇ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၃၆၃ ဦး၊ မျက်စိခွဲစိတ်လူနာ ၂၀ ဦး တို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ တစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ နှစ်ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာလူနာ တစ်ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ငါးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ခြောက်ဦး စုစုပေါင်း လူနာ ၁၅ ဦးကို လိုအပ်သော စစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကုသပေးနေမှုကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်းကောင်း လာရောက်ကြည့်ရှုအားပေးကြပြီး ကုသမှုခံယူကြသော လူနာများကို အားပေးစကားပြောကြားကာ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ၊ ဆေးဝါးပစ္စည်းများနှင့် အာဟာရအစားအသောက်များ ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ အထူးကုဆေးကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း ၁၅ ကြိမ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ရှစ်ကြိမ် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❈ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ကျောက်တောင် (၂) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ထောက်ကြံ့၊ ယမနေ၊ ကညင်စသည့် အဖိုးတန်သစ်မျိုးများနှင့် မအူ၊ မိုးမဲဇာ၊ ပျဉ်းမ၊ သတီစသည့် သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက်စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ရွှေလီမြစ်၏ ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## မြိုင်မြို့၌ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မြိုင် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆောင်ကာ စက်ရေတွင်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

မြို့ပေါ်သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြိုင်မြို့ အမှတ် (၂) ရပ်ကွက်အတွင်းရှိ မူလရေစက်ရုံနှင့် အမှတ် (၁) ရပ်ကွက်အတွင်းရှိ တိုးချဲ့ရေစက်ရုံတို့သို့ ကွင်းဆင်းကာ စက်ရေတွင်းများ စစ်ဆေးခြင်း၊ ရေမြှုပ်ပန့်များ အသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် ရေတွင်းအမှတ် (၅)နှင့် (၇) တို့မှ ရေပိုက်များ လဲလှယ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နောက် စည်ပင်အမှုဆောင်အရာရှိနှင့်အဖွဲ့သည် ရေဖြန့်ဝေရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ထရန်စဖာနှင့် မီးခလုတ်များကို ကျွမ်းကျင်သူများနှင့်အတူ စစ်ဆေးခဲ့ကြသည်။



"မြို့ပေါ်ရပ်ကွက်တွေ ရေဖူလုံစွာရဖို့ အမြဲကြိုးစားနေပါတယ်။ ရေရှားတဲ့ ဒေသဖြစ်တဲ့အတွက် ဒေသခံတွေ ရေအခက်ခဲမဖြစ်အောင် ရေတွင်းလုပ်ငန်းကျွမ်းကျင်သူ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စည်ပင်အမှုဆောင် အရာရှိ ဦးဟန်မြင့်က ပြောသည်။ **ဖြိုးမွန်ကျော်**

---

○ *ကျောဖုံးမှ*

ကစားပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး နောက်ခံလူ ဂီယီရိုယာယာမာမူ စပိန်ကလပ်များတွင် ကျင်လည်ခဲ့သူဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားများ ထပ်မံခေါ်ယူမည်ဖြစ်ပြီး လက်ရှိအချိန်ထိ ပြည်တွင်းကစားသမားလေးဦးနှင့် နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူထားပြီးဖြစ်သည်။

အလားတူ ရခိုင်ယူနိုက်တက်အသင်းမှာလည်း အိုင်ဗရီကို့စ်နောက်ခံလူ မိုကာလူးနှင့် ကင်မရွန်းကွင်းလယ်ကစားသမား အီဖာတို့ကို ခေါ်ယူခဲ့သည်။ မိုကာလူးသည် MNL အတွေ့အကြုံရှိသူဖြစ်ပြီး ရတနာပုံ၊ ရန်ကုန်၊ ဟံသာဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့တွင် ကစားခဲ့သူဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ဆက်တိုက်ခေါ်ယူလျက်ရှိသည်။ **ရဲရင့်လွင်**

---



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ငလျင်ဘေးအန္တရာယ်ဖြစ်ပွားလျှင် ရှာဖွေကယ်ဆယ်ရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူးဦးအေးမြင့် ဦးဆောင်သော ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်ခြင်းကို ရွှေဘိုမြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၇ ရက်က ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

---

❑ *ကျောဖုံးမှ*

ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်ပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ချယ်ဆီးအသင်းကလည်း ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးအချို့ဖန်တီးမှုပြုလုပ်နိုင်ခဲ့သော်လည်း အသင်း ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းခဲ့သည့်အတွက် ဝေးကွာခဲ့ရသည်။

ချယ်ဆီးအသင်းသည် ပွဲချိန် ၄၂ မိနစ်တွင် ရရှိခဲ့သော စတားလင်း၏ သွင်းဂိုးဖြင့် မန်စီးတီးအသင်းကို မိနစ် ၈၀ ကျော်အထိ ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၈၃ မိနစ်တွင် မန်စီးတီးကစားသမား ရိုဒရီ၏ သွင်းဂိုးကို ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ကျေနပ်ခဲ့ရသည်။

ယခုပွဲစဉ် သရေကျမှုကြောင့် မန်စီးတီးအသင်းသည် ဦးဆောင်သူ လီဗာပူးအသင်းထက် တစ်ပွဲလျော့ကစားပြီး ရမှတ် ၅၃ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည်နေသည်။ ချယ်ဆီးက ၂၅ ပွဲကစားပြီး ရမှတ် ၃၅ မှတ်ဖြင့် အဆင့်(၁၀) တွင် ရပ်တည်နေသည်။ ချယ်ဆီးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကာရာဘောင်ဖလား ဗိုလ်လုပွဲအဖြစ် လီဗာပူးနှင့် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းတွင် ယှဉ်ပြိုင်သည့် ရှက်ဖီးနှင့် ဘရိုက်တန်ပွဲတွင် ဘရိုက်တန်က ငါးဂိုး – ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရသည်။

**အောင်ဇော်**

## ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်

ကျုံပျော်ခရိုင်၊ ရေကြည်မြို့ အမက ဘုရားကြီးကုန်း(Grade-5) မှ မောင်မင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ထွန်း ၁၄/ရကန(နိုင်)၁၁၄၄၀၂နှင့် မိခင်အမည်မှန်မှာ ဒေါ်လွင်လွင်ဦးတို့ဖြစ်ပါကြောင်း။

**ဦးရန်နိုင်ထွန်း၊ ဒေါ်လွင်လွင်ဦး**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် H/2501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၃-ခ/၂၊ ဦးပိုင်အမှတ်(၄၂)/၃၄x၃၅ကြား၊ ၅၅x၅၆ လမ်းကြား ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းမောင် ၉/ပသက(နိုင်) ၀၇၀၃၈၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၉၈/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းအောင်မွန်းခမ်း ၁၃/တယန(နိုင်) ၀၁၉၇၉၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

မြဝတီမြို့နယ်နေ ဦးမျိုးအောင် ၁၀/မလမ(နိုင်)၀၄၂၈၅၁ က မော်တော်ယာဉ်အမှတ်(3M 4981)KYI Nissan Condor Truck With Cane ကားကို ဦးခင်မောင်ထွေး ၁၂/တမန(နိုင်)၀၇၄၇၁၀နှင့် ဦးမင်းမင်းဇော် ၁၂/သခန(နိုင်) ၀၀၀၀၆၄တို့အား (၈-၁-၂၀၂၄)က အပြီးအပိုင်ရောင်းချပြီးပါကြောင်းနှင့် အဆိုပါ မော်တော်ယာဉ်နှင့် ပတ်သက်သောကိစ္စအဝဝသည် ဝယ်ယူသူနှင့်သာသက်ဆိုင် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးအောင် ၁၀/မအမ(နိုင်) ၀၄၂၈၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၃-က၊ ဦးပိုင်အမှတ်(၄၈ခ+၅၀) အတွင်းမှ ၄၈-ခ၊ ခဲစင်းအနောက်ခြမ်း/ ၄၂လမ်း မျက်နှာပြု၊ ၈၃x ၈၄ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စိန်မြင့် ၉/မရတ(နိုင်)၁၀၅၂၆၂က ဘိုးဘအမည်ပေါက် မြေပုံ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၂၊ ယခင်ဦးပိုင် က/၉၂၊ ယခု ဦးပိုင်အမှတ်(၂၄၆)/၃၂x ၃၅ကြား၊ ၅၈x ၆၀ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးမြင့်သန်း ၉/ပသက(နိုင်) ၀၄၀၇၉၁၊ PTI -၀၄၃၄၅၈၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၂၂/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးအောင် ၁/ရကန(နိုင်)၀၃၂၇၇၃ကမြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး ရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၂၊ ဦးပိုင်အမှတ်(၁+၂)/၇၃x၃၃လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ဝမ်ကျိုးလန် ၁၃/ကခန(နိုင်) ၀၁၀၉၁၃၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၅၇၂၈/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝမ်ဟုန်ကြေ ၁၃/တမည(နိုင်) ၀၀၃၀၂၈က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၉၉/ပန်းဘဲတန်း)၊ မြေကွက်အမှတ်(က-၆၂)၊ မြေဧရိယာ ၀ဒသမ ၁၈၃ဧကရှိ မြေသည် ဒေါ်မြင့်မြင့်စိန်အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No.၁၇၅ V of 1990-91 (30 Year)မြေငှားဂရန် သက်တမ်းမှာ(၁-၁-၁၉၉၀)မှ(၁-၁-၂၀၂၀)ရက်အထိ ဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား (၁၅-၅-၂၀၂၃)ရက်တွင် ဒေါ်မြင့်မြင့်စိန်(ဘ)ဦးလှတင် ၅/စကန(နိုင်)၀၂၇၄၈၁ မှ ဒေါ်သစ္စာ(ဘ)ဦးသက်တင် ၅/စကန(နိုင်) ၀၈၇၄၂၅သို့ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ် တရားဝင်ချုပ်ဆိုရောင်းချ၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သစ္စာအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/ သက်တမ်းတိုးလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇၉၉/ ပန်းဘဲတန်း)၊ မြေကွက်အမှတ်(ဃ-၈/၂)၊ မြေဧရိယာ (၀ဒသမ၀၃၈)ဧကရှိမြေသည် ဦးသန်းညွန့်အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No.၁၉၆ V of 1993(30 Year မြေငှားဂရန် သက်တမ်းမှာ (၂၀-၈-၂၀၁၉)မှ (၁၉-၈-၂၀၄၉)ရက်နေ့ထိဖြစ် ကြောင်း၊ အဆိုပါ ဂရန်မြေကွက်အား (၁၈-၁၂-၂၀၂၃) ရက်တွင် ဦးသန်းညွန့် ၅/ကဘလ(နိုင်) ၁၀၅၀၁၈မှ ဦးရန်ရီဆ ၁/မကန(နိုင်) ၀၂၃၀၀၉သို့ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်စာချုပ် တရားဝင်စာချုပ်ချုပ်ဆိုရောင်းချ၍ စစ် ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးရန်ရီဆအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့် ဘုရားလမ်း၊ အိမ် အမှတ် ၃၅(က)၊ အလျား(၁၁ ၁/၂ )ပေ xအနံ (၈၃)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေရှင်များဖြစ်သော ဒေါ်မြင့်မြင့်သန်း ၁၂/ဥကမ(နိုင်)၀၇၁၂၂၉၊ ဒေါ်ပြုံးပြုံးဝင်း ၁၂/ဥကမ(နိုင်)၁၈၂၃၁၆၊ ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၁၁၄၈၄၉၊ ဦးစည်သူအောင် ၁၂/ဥကမ(နိုင်)၂၃၉၁၆ တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချခဲ့ခြင်းအပေါ် ဒေါ်အေးသာမြ ၇/ပခန(နိုင်)၀၆၃၀၁၀ မိသားစုတို့မှ တန်ဖိုးငွေအပြေအကြေပေးချေပြီး ဝယ်ယူခဲ့၍ လက်ရောက်ရရှိပြီး တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။

သို့ဖြစ်ရာ အထက်ပါ အိမ်ခြံမြေ၏ ပိုင်ရှင်မှာ ဒေါ်အေးသာမြ မိသားစုသာဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၇၈၆၇(၂၈-၁၀-၂၀၁၀)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥ(၃)လမ်း၊ အမှတ် ၈၉၄ တွင် ဖွင့်လှစ်လုပ်ကိုင်နေသော ဦးတင်ကိုကို ၁၂/ဒဂရ(နိုင်)၁၁၀၈၉၅ သည် အောက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် လုပ်ငန်းအမှတ်တံဆိပ်မူရင်းပိုင်ရှင်ဖြစ်ပါသည်-

DELTA BUSINESS ENTERPRISE

မှတ်ပုံတင်အမှတ်(၁၀၈၂/၂၀၂၄)

အထက်ဖော်ပြပါ **"DELTA BUSINESS ENTERPRISE"** လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စီးပွားရေးနှင့် အကြံပေးလုပ်ငန်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ယင်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ **"DELTA BUSINESS ENTERPRISE"** လုပ်ငန်းအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့် မဆိုမိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူအား တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်၊ မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပ သုံးစွဲမည်ဆိုပါက ကြေညာသူ၏ စီးပွားရေးဆုံးရှုံးနစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခိုင်ခိုင်ဝင်း ၃/မဝတ(နိုင်)၀၂၀၇၈၁ ဝယ်ယူထားသော မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(၅၃-ဘီ)၊ ဦးပိုင်အမှတ်(N/253/11)(52' x 45')ပေ ဦးသစ္စာ အမည်ဖြင့် မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၉၄၀၀၀၀၁၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဇိုင်းကနိုင်းတောင်ပိုင်း၊ နတ်စင်လမ်း၊ အိမ်အမှတ်(၁၁၃) နေ မိဘများဖြစ်ကြသော ဦးမောင်သန်းမြတ်စိုး ၇/ပခန(နိုင်) ၃၅၄၈၈၅ နှင့် ဒေါ်ခင်ခင်ဝင်း ၇/ပခန(နိုင်) ၃၅၄၈၉၅တို့၏ သားဖြစ်သူ မောင်မင်းခန့်သည် မိဘ များ၏ ဆိုဆုံးမမှုကိုမနာခံသည့် အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါ သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမောင်သန်းမြတ်စိုးနှင့် ဒေါ်ခင်ခင်ဝင်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့ဟောင်း(၁) ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်ရှိ အမှတ်(၄၀၁)၊ ပထမထပ်၊ (ခြေရင်းခန်း) အကျယ် (၁၂ ၁/၂ ပေ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ခံစားခွင့်ရှိပါကြောင်း မြွက်ဟဝန်ခံ၍ ရောင်းချသူ ဦးကျော်မင်းဒင် ၁၁/မပတ(နိုင်) ၀၄၂၇၀၀ထံ မှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးနိုင်ဝင်းအောင် ၁၂/ဥကမ(နိုင်)၁၈၃၇၅၀က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာ ရှိပါ က ဤကြော်ငြာပါသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း သက်ဆိုင်သော စာရွက်စာတမ်း မူရင်းများပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**ဦးနိုင်ဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တွံတေးဦးသိန်းဝင်း** | **ဒေါ်ဝါဝါထွန်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၀)** |

**အမှတ်(၂၀၈)၊ မဟာဗောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၀၆၅၈၉၀၊ ၀၉-၄၂၀၂၆၄၇၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း (၂)လမ်း၊ အမှတ်(၈၉၂)၊ ပထမထပ်၊ (ခြေ ရင်းခန်း)၊ BCC ရရှိပြီး အကျယ်(၁၂ပx ၅၀ပေ)ရှိ တိုက်ခန်း၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ၊ အပါအဝင် ၎င်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ခံစားခွင့် ရှိပါကြောင်း မြွက်ဟဝန်ခံ၍ ရောင်းချသူ ဒေါ်နီလာဝင်း ၁၂/လမန(နိုင်) ၁၆၇၇၁၆ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင် ၁၂/ဥကမ(နိုင်) ၁၈၃၇၅၀ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း သက်ဆိုင်သော စာရွက်စာတမ်း မူရင်းများပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးနိုင်ဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တွံတေး ဦးသိန်းဝင်း** | **ဒေါ်ဝါဝါထွန်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၀)** |

**အမှတ် ၂၀၈၊ မဟာဗောဂလမ်း၊(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၀၆၅၈၉၀၊ ၀၉-၄၂၀၂၆၄၇၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ မြေကွက်အမှတ်(၉၄၉/ခ)၊ (မြေရှင်)ဒေါ်သန်းသန်းမြင့် (၁၂/ဥကတ(နိုင်) ၀၂၃၅၁၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင် မြေ ရှင်နှင့် ကန်ထရိုက်တာ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ မြေရှင်ခွဲဝေရရှိသော တိုက်ခန်းများအနက်မှ မြေညီထပ်(ထပ်ခိုးပါ)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းမြေရှင် ဒေါ်သန်းသန်းမြင့်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်န-၂၊ ဦးပိုင်အမှတ်(၇၆)/၆၃x ၆၄ကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြအေး ၉/မရမ(နိုင်)၀၇၄၉၂၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း၇၊ ဦးပိုင်အမှတ်(၃၇-ခ)/၅၃x၅၂ကြား၊ ၁၁၂.Cလမ်း ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာဝင်း ၉/ပကခ(နိုင်) ၀၀၈၂၇၂၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၄၂/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဖြူဝင်း ၁၃/ကခန(နိုင်) ၀၅၆၂၁၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော် မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် ၈၄၃/ယခင်ဦးပိုင် ၂၄က၊ ယခုဦးပိုင်အမှတ်(၈)/၈၁ လမ်း၊ ၄၂x၄၃ လမ်းကြားရှိ ဦးကြည်မောင်၊ ဒေါ်ခင်ရီအမည်ပေါက် ဘိုးဘမြေကွက်အား၊ အမွေဆက်ခံစာချုပ်အမှတ် (၄၄၇၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးဇော်ဝင်း ၉/မရတ(နိုင်) ၀၆၀၂၃၅၊ ဒေါ်ဝင်းဝင်း ၉/တတဥ(နိုင်) ၀၇၃၄၈၇၊ ဦးဇော်ဇော် ၉/မရတ(နိုင်) ၀၆၀၃၀၃၊ ဒေါ်ယဉ်ယဉ်အေး ၉/ပကခ(နိုင်) ၀၀၁၉၆၂၊ ဒေါ်ဇင်မာဝင်း ၉/ပကခ(နိုင်) ၀၀၇၂၀၅၊ ဦးသန်းဇော်ဦး ၉/ပကခ(နိုင်) ၀၁၅၄၉၈တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၅၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ထွေးယုဝင်း ၉/မရတ(နိုင်) ၁၀၉၉၃၁ က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

